မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်၊ ၂၀၁၀ခုနှစ်၊ မတ် ၁၂ ရက်၊ သောကြာနေ့၊ အတွဲ (၄၉)၊ အမှတ် (၁၆၃)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့ စည်းခြင်း ထုတ်ပြန်ကြေညာ

နေပြည်တော် မတ် ၁၁

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြေညာချက်အမှတ်(၁/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ကြေညာချက်အမှတ်(၁/၂၀၁၀)

၁၃၇၁ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်

(၂၀၁၀ ပြည့်နှစ်၊ မတ်လ ၁၁ ရက်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဖွဲ့စည်းခြင်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ပြည့်နှစ်အတွင်း ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ ၄၄၃ နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေ အမှတ်(၁/၂၀၁၀)ဖြင့် ပြဋ္ဌာန်းထားသော ၂၀၁၀ပြည့်နှစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ ပုဒ်မ ၃ တို့အရ အောက်ပါပုဂ္ဂိုလ်များပါဝင်သည့် ''ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်''ကို ဖွဲ့စည်းလိုက်သည်-

၁။	ဦးသိန်းစိုး	ဥက္ကဋ္ဌ
၂။	ဦးအင်ဇော်နော်	အဖွဲ့ဝင်
၃။	ဦးခင်မောင်နု	အဖွဲ့ဝင်
၄။	ဦးစောဘလှိုင်	အဖွဲ့ဝင်
၅။	ဒေါက်တာဘမောင်	အဖွဲ့ဝင်
၆။	ဦးညွန့်တင်	အဖွဲ့ဝင်
၇။	ဦးမောင်သာလှ	အဖွဲ့ဝင်
၈။	ဒေါက်တာစိုင်းခမ်းလှိုင်	အဖွဲ့ဝင်
၉။	ဦးအောင်မြင့်	အဖွဲ့ဝင်

စာမျက်နှာ ၃ ကော်လံ ၁ ◆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သီပေါမြို့အနီးရှိ ဒုဋ္ဌဝတီမြစ်ကူး သံကူကွန်ကရစ်တံတား တည်ဆောက်နေမှုနှင့် ပွန်တွန်းတံတား တည်ဆောက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်က တည်ဆောက်ပေးထားသော ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချ

နိုင်ငံတော်လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ အတူတကွ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်

နေပြည်တော် မတ် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ အကြီးအကဲများ လိုက်ပါလျက် မတ် ၉ရက် နံနက်ပိုင်းတွင် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့မှ ထွက်ခွာခဲ့ရာ နံနက် ၉နာရီ ၁၀မိနစ်တွင် မူဆယ်ခရိုင် ကွတ်ခိုင်မြို့သို့ ရောက်ရှိသည်။

ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးညွန့်ဆွေ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ *

ထူးခြားသည့် နေ့အပူချိန် ၁၁-၃-၂၀၁၀	
နေပြည်တော်	၄၀ ဒီဂရီစင်တီဂရိတ်
မုံရွာ	၄၀ ဒီဂရီစင်တီဂရိတ်
ချောက်	၄၀ ဒီဂရီစင်တီဂရိတ်
အောင်လံ	၄၀ ဒီဂရီစင်တီဂရိတ်
ပြည်	၄၀ ဒီဂရီစင်တီဂရိတ်

တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ အချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဥပဒေအမှတ် (၅/၂၀၁၀)ဖြင့် ထုတ်ပြန်ခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ အချပ်ပို (၈) မျက်နှာ ပါရှိပါသည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၀ခုနှစ် မတ် ၁၂ ရက်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး တိုင်းရင်းသားပြည်သူများ လက်တွဲပါဝင်

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများကို ချမှတ်ဖော်ဆောင်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများသည် မိမိတို့၏ လူမှုစီးပွားဘဝမြင့်မားရန် စွမ်းဆောင်ရင်း နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် လက်တွဲပါဝင်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်က တည်ဆောက်ပေးခဲ့သော ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများ ရေရှည်တည်တံ့ခိုင်မြဲရန် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့က တက်ညီလက်ညီ ဝိုင်းဝန်းပူးပေါင်း ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် နမ့်ဆန်မြို့သို့ မတ်လ ၈ရက်နေ့က ရောက်ရှိခဲ့ရာ မကြာမီဖွင့်လှစ်မည့် နမ့်ဆန်ပြည်သူ့ဆေးရုံကို ကြည့်ရှုစစ်ဆေးပြီး ဆေးရုံညွှန်ခန်းမ၌ နမ့်ဆန်မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံခဲ့သည်။

နမ့်ဆန်သည် ယခင်က သွားလာရန်ခက်ခဲသည့်မြို့တစ်မြို့ ဖြစ်ခဲ့သည်။ ယခုအခါ နိုင်ငံတော်က ရာသီမရွေးသွားလာနိုင်ရန် နမ့်ဆန်-သီပေါ၊ နမ့်ဆန်-ကျောက်မဲ၊ နမ့်ဆန်-မန်တုံ ကားလမ်းများကို ဖောက်လုပ်ပေးထားသည်။ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် ကျေးလက်များပါမကျန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရန်ကြိုးပမ်းဖော်ဆောင်လျက်ရှိသည်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ဆက်စပ်ဆောင်ရွက်ပေးလျက်ရှိပြီး တစ်ပိုင်တစ်နိုင်မွေးမြူရေးမှ စီးပွားဖြစ်မွေးမြူရန် ကြိုးပမ်းလျက်ရှိသည်။

ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်းမြင့်မားရေးအတွက် ကျေးရွာများအရောက် ကွင်းဆင်း၍ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်ရေးနည်းလမ်းများ သင်ကြားပေးခြင်းတို့ကို ကျန်းမာရေးဝန်ထမ်းများက လုပ်ဆောင်ပေးသွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးအခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးထားရာ ပြည်ထောင်စုဒေသအနှံ့ရှိ တိုင်းရင်းသားအားလုံးသည် စည်းလုံးညီညွတ်စွာဖြင့် နေထိုင်ကြပြီး ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရမည် ဖြစ်သည်။ ထို့အတူ ပြည်သူများ အေးချမ်းစွာနေထိုင်နိုင်ရေးအတွက် တရားဥပဒေစိုးမိုးရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းရင်းသားပြည်သူများက နိုင်ငံတော်နှင့်အတူ ဦးထမ်းပဲ့ထမ်း လက်တွဲညီညီ ပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✻ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✻ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✻ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(စနေနေ့-နံနက်+နေ့လယ်+ည)

၁၃-၃-၂၀၁၀

- ၇:၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ ကြေညာချက်
- ၇:၀၅ တရားတော် **(အင်္ဂုလိမာလသုတ်+ ဖောဇ္ဈင်္ဂသုတ်)** ဓမ္မပူဇာတေးပဒေသာ
- ၇:၃၀ (၃၈)ဖြာမင်္ဂလာ
- ၇:၄၅ နံနက်ခင်းတေးပဒေသာ
- ၈:၀၀ စံတော်ချိန် + သတင်းဆောင်းပါး
- ၈:၁၀ နံနက်ခင်းတေးပဒေသာ
- ၈:၃၀ လောကနီတိအသိရှိစေဖို့ (ကျောင်း၌ယဉ်ကျေးခြင်း) တေးပဒေသာ
- ၈:၄၀ ဘဝအသွင်ကဗျာ့အမြင် (အမေ့ရှာအဝင်) တေးပဒေသာ
- ၁၀:၀၀ မွေးနေ့လက်ဆောင်
- ၁၀:၃၀ သတင်းစာအာဘော်
- ၁၀:၃၅ တေးပဒေသာ
- ၁၁:၀၀ နေ့လယ်ခင်းသတင်း
- ၁၁:၁၀ ကလေးအစီအစဉ်-ကလေးများအတွက် တေးကဗျာ-လက်ဆေးပါ
- ၁၁:၂၀ အာဆီယံအစီအစဉ် နေ့လယ်ခင်းတေးပဒေသာ
- ၁၁:၃၅ ဇာတ်လမ်းပမာနားဆင်စရာ **(ဝေဒနာသံစဉ်ရိုင်းများ)** တေးပဒေသာ
- ၁၂:၀၀ စံတော်ချိန် ချစ်ခြင်းဖြေသိမ့် တေးသံငြိမ့်(၄၀)
- ၁၂:၂၀ ယဉ်ကျေးမှုအနုပညာ (မြန်မာ့ခေါင်းလောင်းကြီးများ)
- ၁၂:၃၀ ဟန်မျိုးစုံညီတေးကိုသီ
- ၁၃:၀၀ မွန်းလွဲပိုင်းသတင်း
- ၁၃:၁၀ ပညာရေးအစီအစဉ် (ဘီအီးဒီ ဓာတုဗေဒသင်ပြနည်း) တေးပဒေသာ
- ၁၃:၃၀ အစီအစဉ်ပြီး၏။
- ၁၆:၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
- ၁၆:၂၀ ဆောင်းပါး
- ၁၆:၃၀ သောတရှင်တို့လိုရာတေး
- ၁၇:၀၀ လေလှိုင်းကြားကပွဲတင်သံ
- ၁၇:၁၅ တေးပဒေသာ
- ၁၇:၂၅ သတင်းစာဆောင်းပါး
- ၁၇:၃၀ ခေတ်မရွေးသောတေးများ
- ၁၈:၀၀ ညနေခင်းသတင်း
- ၁၈:၁၀ တေးချစ်သူရွေးသီ တေးပန်းချီ
- ၁၈:၃၅ Radio Internet(13)
- ၁၉:၀၀ နိုင်ငံတကာသတင်း နိုင်ငံရေးဦးတည်ချက်
- ၁၉:၁၀ တေးပဒေသာ
- ၁၉:၁၅ သူ့အကြိုက်သူ့အသွင်(ပုလဲဝင်း)
- ၁၉:၃၀ ကျန်းမာရေးရာသိကောင်းစရာ (ရေတိုသီးသည် နှလုံးရောဂါနှင့် လေဖြတ်ရောဂါများ ကာကွယ်နိုင်) တေးပဒေသာ
- ၂၀:၀၀ ပြည်တွင်းသတင်း
- ၂၀:၂၀ သံစဉ်တေးသွားမေတ္တာစကား စီးပွားရေးဦးတည်ချက်
- ၂၀:၃၀ သိမှတ်ဖွယ်ရာ နိုင်ငံရေးရာ(၅)
- ၂၀:၄၅ ညချမ်းချိန်ခါတေးပဒေသာ
- ၂၁:၀၀ ချိုချစ်ဖွယ်အင်္ဂလိပ်တေးသီချင်းကဏ္ဍ
- ၂၁:၁၅ ခံစားနားဆင်မြန်မာတေးသံစဉ် လူမှုရေးဦးတည်ချက် ညချမ်းချိန်ခါတေးပဒေသာ

အမေရိကန်ပို့ကုန်အပေါ် အရေးယူပိတ်ဆို့မှု ဘရာဇီးဈေးကွက်မထိခိုက်ဟုဆို

ဘရာဆီးလီးယား မတ် ၁၁

အမေရိကန်ပြည်ထောင်စုမှ တင်ပို့သည့် ထုတ်ကုန်ပစ္စည်းများအပေါ် ကုန်သွယ်ရေးအရေးယူပိတ်ဆို့မှု ပြုလုပ်ခြင်းသည် ဘရာဇီးဈေးကွက်တွင် ကုန်ပစ္စည်းပြတ်လပ်မှုဖြစ်စေလိမ့်မည်မဟုတ်ကြောင်း ဘရာဇီးနိုင်ငံခြားကုန်သွယ်ရေးအသင်း(ကာမက်)က မတ် ၈ရက်၌ ကြေညာသည်။

ပါဝင်

ဘရာဇီးအစိုးရဂျာနယ်တစ်စောင်၌ မတ် ၈ရက်က ထုတ်ပြန်ခဲ့သော ပိတ်ပင်အရေးယူမည့် အမေရိကန်ပို့ကုန်ပစ္စည်းစာရင်းတွင် ခေါင်းလျှော်ရည်များ၊ အမွှေးနံ့သာများ၊ မော်တော်ကားများ၊ ရေခဲသေတ္တာများ၊ မီးဖိုများ၊ အာလူးများ၊ အလှကုန်ပစ္စည်းများ၊ ဝါဂွမ်းများ၊ မက်သနောနှင့် ပါရာစီတမောတို့ ပါဝင်သည်။

၂၀၀၉ခုနှစ် ဩဂုတ်လတွင် အမေရိကန်ဝါဂွမ်းဆိုင်ရာ ထောက်ပံ့ငွေကိစ္စကြောင့် ဘရာဇီးဝါဂွမ်းထုတ်လုပ်သူများအား အခက်အခဲဖြစ်စေခဲ့သော အပျက်အစီးများကို ကာမိအောင် အမေရိကန်တို့အား လက်တုံ့ပြန်ရန် ဘရာဇီးနိုင်ငံကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(ဒဗလျူတီအို)က အခွင့်အာဏာပေးခဲ့သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ကာတာ သဘာဝဓာတ်ငွေ့ အင်ဒိုနီးရှား တိုးမြှင့်တင်သွင်းမည်

ဂျကာတာ မတ် ၁၁

အင်ဒိုနီးရှားသဘာဝဓာတ်ငွေ့ကုမ္ပဏီပီဂျီအင်န်သည် ပြည်တွင်းဝယ်လိုအား မြင့်တက်လာခြင်းကြောင့် ကာတာနိုင်ငံမှ မီးဖိုချောင်သုံး သဘာဝဓာတ်ငွေ့(အယ်လ်အင်န်ဂျီ)ကို တိုးမြှင့်တင်သွင်းသွားရန် စီစဉ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းစာက မတ် ၁၀ရက်၌ ဖော်ပြသည်။

အဆိုပါကုမ္ပဏီအနေဖြင့် ကာတာသဘာဝဓာတ်ငွေ့များကို တစ်နှစ်လျှင် တန်ချိန် ၁ဒသမ ၅သန်းမှ ၂သန်းအထိ တိုးမြှင့်တင်သွင်းသွားမည်ဟု ဆိုသည်။

အမ်အင်န်အေ၊ဆင်ဟွာ

နိုင်ငံတကာသတင်းများ

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး ဒေသဆိုင်ရာညီလာခံ ဘင်္ဂလားဒေ့ရှ်၌ ကျင်းပမည်

ဒါကာ မတ် ၁၁

ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးနှင့် ပတ်သက်၍ ဒေသဆိုင်ရာညီလာခံကို မေလ သို့မဟုတ် ဇွန်လအတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့တော်၌ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။ ဤဒေသဆိုင်ရာ ညီလာခံမှာ မက္ကဆီကို၌ ယခုနှစ် ကျင်းပမည့် ညီလာခံအတွက် ညှိနှိုင်းရန်ဖြစ်သည်။

တာဝန်ယူ

ဒေသဆိုင်ရာ ညီလာခံကို ဥရောပသမဂ္ဂအဖွဲ့မှ တာဝန်ယူမည်ဖြစ်ကြောင်း ဒါကာမြို့၌ ကျင်းပသည့် ဥရောပသမဂ္ဂ သံအမတ်ကြီးများ တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ဘင်္ဂလားဒေ့ရှ် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးမာမွတ်က ပြောကြားသည်။

ဒေသဆိုင်ရာ ညီလာခံသို့ တောင်အာရှနိုင်ငံများ (အက်စ်အေအေအာရ်စီ)နှင့် အခြားသောနိုင်ငံများကို ဖိတ်ကြားမည်ဟု သိရသည်။ ***(အင်တာနက်)***

ဆန်စပါးလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဆန်စပါးလုပ်ငန်းအသင်းနှင့် ဧည့်သည်အဖွဲ့ဆွေးနွေး

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းအသင်း ဒုတိယဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်၊ တွဲဖက်အတွင်းရေးမှူးများဖြစ်ကြသော ဦးမျိုးသူရအေးနှင့် ဦးအောင်ဇော်ဦးတို့အား ရန်ကုန်မြို့တွင်ရောက်ရှိနေသည့် TOYOTA TSUSHO CORPORATION (Food & Produce Department) မှ General Manager များဖြစ်ကြသော Mr. Shigemasa Miki, Mr. Shigeharu Kato တို့သည် TOYOTA TSUSHOCORPORATION မြန်မာနိုင်ငံကိုယ်စားလှယ် Mr. Keiichi Kisara လိုက်ပါလျက် မတ် ၈ရက်က ရန်ကုန်မြို့ မင်းရဲကျော်စွာလမ်း UMFCCI Tower ရှိ အသင်း၏ ရုံးခန်းသို့ လာရောက်တွေ့ဆုံသည်။ ယင်းသို့ တွေ့ဆုံရာတွင် လယ်ယာ စိုက်ပျိုးရေးကဏ္ဍတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များ၊ နည်းပညာဖလှယ်ရေးဆိုင်ရာကိစ္စရပ်များ၊ ဆန်စပါး လုပ်ငန်းဆိုင်ရာကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက်ရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

ဖေဖော်ဝါရီ၁၁ရက်က မိုးကောင်းမြို့ နဝဒေးလမ်းကတ္တရာ (ထပ်ပိုးလွှာ)လမ်းသစ်ဖွင့်ပွဲကို မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် နတ်ကြီးကုန်းရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မြင့်အောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျော့ကရိတ်မြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ကျော့ကရိတ် မတ် ၁၁

ကျော့ကရိတ်မြို့နယ်အသင်း(ရန်ကုန်)၏ (၃၇)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို မတ် ၂၈ရက်(တနင်္ဂနွေနေ့)တွင် အမှတ် ၂၂၃ တော်ဝင်နှင်းဆီစားသောက်ဆိုင် ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်၌ ကျင်းပမည်ဖြစ်သည်။

အသက် (၇၅)နှစ်အထက် အသင်းဝင် ကန်တော့ခံ သက်ကြီးအဘိုးအဘွားများနှင့် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းဝင်သားသမီးတို့သည် ဒေါ်သန်းသန်း (နာယက) ဖုန်း-၅၀၂၄၈၉၊ ဦးတင်စိန် (ဥက္ကဋ္ဌ) ဖုန်း-၅၅၃၆၄၄ (လိုင်းခွဲ-၃၁၄)၊ ဦးဝမ်ထုံ (ဒုတိယဥက္ကဋ္ဌ၊ အဆွေတော်ကားဂိတ်) ဖုန်း-၀၉-၅၀-၂၀၃၇၉၊ ဦးစိုင်းချစ်ထွေး (ဘဏ္ဍာရေးမှူး) ဖုန်း-၀၉-၅၁-၀၇၂၅၅၊ ဒေါ်သန်းမြင့်(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၅၆၃၈၀၅၊ ဦးဂီရှော့(ခ)ဦးနေဝင်း (အမှုဆောင်) ဖုန်း-၇၃၀၀၃၈၄၉နှင့် ဒေါ်နန်းရေစင်ဦး(အမှုဆောင်) ဖုန်း-၀၉-၅၀-၅၄၇၀၉ တို့သို့ မတ် ၂၆ရက် နောက်ဆုံးထား၍ ဆက်သွယ်ကြရန်နှင့် အသင်းဝင်ပြီး အသင်းသား အသင်းသူများနှင့် အသင်းမဝင်ရသေးသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သိရသည်။

(မြန်မာ့အလင်း)

ရန်ကုန်-ပုဂံအထူးအမြန်ရထား ကြားဘူတာရုံခြောက်ခုတို့၌ ရပ်နားပေးမည်

နေပြည်တော် မတ် ၁၁

ရန်ကုန်-ပုဂံ အထူးအမြန်ရထားကို မတ် ၁၀ရက်မှ စတင်ပြေးဆွဲပေးလျက်ရှိရာ အမှတ် (၆၁)အဆန်ရန်ကုန်-ပုဂံ အထူးအမြန်ရထားကို ညနေ၄နာရီတွင် ရန်ကုန်ဘူတာကြီးမှ ထွက်ခွာ၍ နောက်တစ်နေ့နံနက်၈နာရီတွင် ပုဂံဘူတာသို့ရောက်ရှိမည်ဖြစ်ပြီး အမှတ်(၆၂) အစုန် ပုဂံ-ရန်ကုန် အထူးအမြန်ရထားကို ပုဂံဘူတာမှ ညနေ ၄နာရီခွဲတွင် ထွက်ခွာ၍ နောက်တစ်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်ဘူတာကြီးသို့ ရောက်ရှိမည်ဖြစ်သည်။

ရပ်နားပေးမည်

ရန်ကုန်-ပုဂံ အမှတ်(၆၁)အဆန်နှင့် ပုဂံ-ရန်ကုန် အမှတ်(၆၂)အစုန် အထူးအမြန်ရထားတို့ကို ကြားဘူတာရုံများဖြစ်သည့် လက်ပံတန်းဘူတာနှင့် ရွှေတံခါးဘူတာတို့၌ နှစ်မိနစ်စီ၊ အောင်လံဘူတာ၌ ၁၀မိနစ်၊ ဆတ်သွားဘူတာ၊ တောင်တွင်းကြီးဘူတာနှင့် ကျောက်ပန်းတောင်းဘူတာတို့၌ နှစ်မိနစ်စီ ရပ်နားပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

◆ **ရှေ့ဖုံးမှ**

၁၀။	ဦးမြင့်နိုင်	အဖွဲ့ဝင်
၁၁။	ဒေါက်တာတင်အောင်အေး	အဖွဲ့ဝင်
၁၂။	ဒေါက်တာဒေါ်မြင့်ကြည်	အဖွဲ့ဝင်
၁၃။	ဒေါ်ခင်လှမြင့်	အဖွဲ့ဝင်
၁၄။	ဦးသာဦး	အဖွဲ့ဝင်
၁၅။	ဒေါက်တာမောင်ထူး	အဖွဲ့ဝင်
၁၆။	ဦးသာငွေး	အဖွဲ့ဝင်
၁၇။	ဦးဝင်းကြည်	အဖွဲ့ဝင်

အမိန့်အရ

(ပုံ) သီဟသူရတင်အောင်မြင့်ဦး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ

တိမ်
အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့် အတင့် ဖြစ်ထွန်းမည်။

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်(စီမံ) ဒေါက်တာမြင့်ဦးအား ယင်းတက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင် ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုကြိုဆို
နေပြည်တော် တပ်ကုန်း၌ ကတ္တရာလမ်းသစ်ဖွင့်ပွဲများ ကျင်းပ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မြို့တော်ဝန် ဗိုလ်မှူးကြီးသိန်းညွန့် နေပြည်တော် တပ်ကုန်း ငွေတောင်ကျောင်းလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက် အားပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၁

(၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် တပ်ကုန်း ငွေတောင်ကျောင်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါ လမ်းဖွင့်ပွဲ မုခ်ဦး၌ ကျင်းပရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး မြို့တော်ဝန် ဗိုလ်မှူးကြီး သိန်းညွန့် တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်း၊တံတား) ဌာနမှူး ဦးကျော်မြင့်က ကတ္တရာလမ်းသစ်နှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြပြီး ဒေသခံ မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဌာနကြီးမှူး ဦးမျိုးအောင်၊ နေပြည်တော် တပ်ကုန်း မြို့နယ် ဥက္ကဋ္ဌ ဦးနေအောင်နှင့် မြို့မိမြို့ဖ ဦးဖေအုံ့မောင်တို့က ငွေတောင်ကျောင်းလမ်း ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဝန်ကြီးနှင့် ဧည့်သည်တော်များသည် ကတ္တရာလမ်းသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။

ဆောင်ရွက်ပေးခဲ့

ယခုဖွင့်လှစ်သည့် ငွေတောင်ကျောင်းလမ်း ကတ္တရာလမ်းသစ်သည် လမ်းအရှည် ပေ ၃၄၀၀၊ အကျယ် ၁၂ပေရှိပြီး ယခင် မြေသားလမ်းအဆင့်မှ ကျောက်ခင်း ကတ္တရာလမ်းအဆင့်သို့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်သည်။

တက်ရောက်

ဆက်လက်၍ ဝန်ကြီးသည် (၆၅)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် တပ်ကုန်း မဟာသီဟနာဒလမ်းသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆင့်မြှင့်

အဆိုပါ မဟာသီဟနာဒ ကတ္တရာလမ်းသစ်သည် လမ်းအရှည် ပေ ၅၀၀၀၊ အကျယ် ၁၂ပေရှိပြီး ယခင် ကျောက်လမ်းအဆင့်မှ ကတ္တရာလမ်းအဆင့်သို့ အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

နေပြည်တော် တပ်ကုန်း သာယာလှပရေးနှင့် လမ်းများ ကောင်းမွန်စေရေးတို့အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီက ယခုဖွင့်လှစ်သည့် လမ်းများအပြင် အောင်သီဟလမ်း၊ သီရိလမ်း၊ ပိတောက်လမ်း၊ နောင်သခွါ ကျေးရွာသွားလမ်းနှင့် ခန်းမပတ်လမ်းတို့ကိုလည်း ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ ဂျပန်နိုင်ငံအစိုးရက ငွေလှူဒါန်း

ရန်ကုန် မတ် ၁၁

မြန်မာ့ကရာတေးဒို အားကစား အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် ဂျပန်နိုင်ငံအစိုးရက မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ်သို့ The Grant Assistance for Cultural Grassroots Projects of Japan အစီအစဉ်အရ ကရာတေးဒို အားကစားပြိုင်ပွဲအတွက် အထောက်အကူပြု ပစ္စည်းများဝယ်ယူရန် ငွေလှူဒါန်းခြင်း အခမ်းအနား (A Ceremony for Signing of Grant Contract between The Embassy of Japan and Myanmar Karatedo Federation, The Project for the Improvement of Karate Equipment of Myanmar Karatedo Federation) ကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ Chatrium Hotel Ballroom N0.1 ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. MR. YASUAKI NOGAWA နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဂုဏ်ထူးဆောင်နာယက ရဲမှူးကြီး ခင်မောင်ထွန်း(ငြိမ်း)၊ ဥက္ကဋ္ဌ ဒေါက်တာဝင်းဇော်၊ အထွေထွေအတွင်းရေးမှူး ဦးစိုးဝင်းနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်း

ရှေးဦးစွာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံရုံး Information and Culture Section မှ First Secretary MS.MASAKO SATO က ငွေလှူဒါန်းမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ငွေလှူဒါန်း

ဆက်လက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး H.E. MR. YASUAKI NOGAWA က ဂုဏ်ပြုစကားပြောကြားပြီး မြန်မာနိုင်ငံ ကရာတေးဒိုအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဝင်းဇော်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ သံအမတ်ကြီးနှင့် မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ငွေလှူဒါန်းမှုအတွက် လက်မှတ်ရေးထိုးကြပြီး**(အောက်ပုံ)** သံအမတ်ကြီးက ငွေလွှဲလက်မှတ်ကို မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌထံ ပေးအပ်သည်။

ဂုဏ်ပြု

ယင်းနောက် ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ဂုဏ်ပြုမှတ်တမ်းလွှာကို ဂျပန်နိုင်ငံ သံအမတ်ကြီးထံ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



မြဝတီရုပ်မြင်သံကြား

၁၂-၃-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနှားဝင်
၇း၄၅ ၇။ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ အိုင်စီတီသုတ
၄း၂၅ ၄။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၃၅ ၅။ မဟာဂီတ ချိုကြည်မြ
၄း၄၅ ၆။ မျိုးချစ်တပ်မတော်
၄း၅၅ ၇။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၅း၀၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၅း၁၅ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရှင်သန်နေသော သဲနုန်းမြေ** (အပိုင်း-၂)
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၃၀ ၁၄။ **ရွာ** ဟာသဇာတ်လမ်းတွဲ **ပါရမီဖြည့်ဖက်** မေတ္တာ၊ ပေါ်လေး၊ ချစ်ဖွယ်၊ သန်းမျိုးဆွေ၊ လမင်း၊ ဝင့်သပြေထွန်း (ဒါရိုက်တာ-မိုးဇော်ကို)
၆း၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ချစ်သူ့မေတ္တာ** (အပိုင်း-၂၉)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ လျှပ်တစ်ပြက်
၂၂။ ရှင်သန်နေသော သီချင်းများ တေးရေး ရယ်ဂျီ ထာဝရလမင်း(၁)
၂၃။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၂၄။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင် ဇာတ်လမ်း **ကမ္ဘည်းတင်မယ့် ချင်သူရဲကောင်း**(အပိုင်း-၄)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ
အခြေခံစက်ချုပ်သင်တန်းကို ကြည့်ရှုအားပေး

နေပြည်တော် မတ် ၁၁

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အထွေထွေအတွင်းရေးမှူး ဒေါ်သဇင်နွယ်နှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသော ဒေါ်ခင်သန်းဝင်းနှင့် ဒေါ်ခင်နွယ်နွယ်တို့သည် မတ် ၁၀ရက် မွန်းလွဲ ၁နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ မိသားစုများ၏ ဝင်ငွေတိုး လုပ်ငန်းအစီအစဉ်အတွက် ရည်ရွယ်၍ နေပြည်တော် ဒက္ခိဏသီရိမြို့ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံး၌ ဖွင့်လှစ်လျက်ရှိသော အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁/၂၀၁၀)တွင် သင်တန်းသူများ၏ လက်တွေ့ချုပ်လုပ်နေမှုကို သွားရောက်ကြည့်ရှု **(အောက်ပုံ)**၍ အားပေးစကား ပြောကြားကြသည်။

သင်ကြားပို့ချပေးလျက်ရှိ

အဆိုပါသင်တန်းသည် ဖေဖော်ဝါရီ ၈ရက်မှ မတ်၂၄ရက်အထိ ၄၅ရက်ကြာ ပို့ချသည့် သင်တန်းဖြစ်ပြီး နေပြည်တော် ဒက္ခိဏသီရိမြို့နှင့် နေပြည်တော် လယ်ဝေးတို့မှ မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် စိတ်ပါဝင်စားသူ သင်တန်းသူ စုစုပေါင်း ၃၃ဦးတို့ တက်ရောက်လျက်ရှိပြီး ယင်းသင်တန်း၌ မိန်းမဝတ် ရင်ဖုံး၊ ဘလောက်(စ်)နှင့် ကလေးဝတ်စုံများကို စင်တီမီတာအတိုင်းအတာဖြင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ကျွမ်းကျင်သူ ဆရာမများက သင်ကြားပို့ချပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၁၀ခုနှစ် မတ်လအတွက်
(၁၄-၃-၂၀၁၀) ရက်နေ့
နှင့်
(၂၈-၃-၂၀၁၀) ရက်နေ့

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

ရေဝတီတံတား(ညောင်တုန်း)နှင့် ရာဇူဒိုင်တံတားအမှတ်(၁)
စီမံကိန်းလုပ်ငန်းခွင် ဒုတိယဝန်ကြီး ဦးတင့်ဆွေ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၁

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေသည် မတ် ၉ရက်တွင် အထူးစီမံကိန်းကြီး အဖွဲ့(၅)က တာဝန်ယူတည်ဆောက်နေသော ရေဝတီတံတား (ညောင်တုန်း) တည်ဆောက်ခြင်းလုပ်ငန်း (ညောင်တုန်းဘက်ကမ်း)သို့ ရောက်ရှိပြီး တံတားဘိုးပိုင်တူးခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားခဲ့သည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးသည် ရေဝတီတံတား(ညောင်တုန်း) ပုသိမ်ဘက်ကမ်းသို့ ရောက်ရှိ၍ တံတားဘိုးပိုင်တူးခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရှင်းလင်းဆောင်တွင် အထူးစီမံကိန်းကြီး အဖွဲ့(၅)မှ အင်ဂျင်နီယာမှူးကြီးဦးတင့်လွင်က တံတားတည်ဆောက်ခြင်း လုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကိုလည်းကောင်း၊ မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်း လမ်းပေါ်ရှိ ရာဇူဒိုင်တံတားအမှတ်(၁) တည်ဆောက်ရေး စီမံကိန်းရှင်းလင်းဆောင်၌ တံတားနှင့် စပ်လျဉ်းသည်များကို လည်းကောင်း ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ စီမံကိန်းလုပ်ငန်းခွင် အတွင်း တံတားသံပေါင်တင်ရန် ပြင်ဆင်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုစစ်ဆေး

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ ရာဇူဒိုင်တံတားအမှတ်(၁) တည်ဆောက်ရေး လုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။
(ဆောက်လုပ်ရေး)

unicef

အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ရက်သတ္တပတ်(၂၀၁၀)

၂၀၁၀ ခုနှစ်၊ မတ်လ (၁၂-၃-၂၀၁၀) ရက်နေ့မှ (၁၈-၃-၂၀၁၀) ရက်နေ့အထိ

ယင်လုံအိမ်သာဂုဏ်ယူစရာ
အိမ်သာအဆင်းလက်ဆေးပါ။

ရေကောင်းရေသန့်သုံးစွဲမှ
ကျန်းမာရေးအတွက်စိတ်ချရ။

"ကျန်းမာခြင်းအစ လက်သန့်ရှင်းရေးက"

ကျန်းမာရေးဝန်ကြီးဌာန

မစ္စတာ ဒန်နီရယ် ကွာစီ အဘိုဒါဂ်ပီအား မြန်မာနိုင်ငံဆိုင်ရာ ဂါနာသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီ

နေပြည်တော် မတ် ၁၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂါနာသမ္မတနိုင်ငံ၏ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် မစ္စတာ ဒန်နီရယ် ကွာစီ အဘိုဒါဂ်ပီအား ခန့်အပ်ရန် ဂါနာသမ္မတနိုင်ငံအစိုးရ၏ အဆိုပြုချက်ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီး ဖြစ်သည်။

တာဝန်ထမ်းဆောင်

မစ္စတာ ဒန်နီရယ် ကွာစီ အဘိုဒါဂ်ပီသည် ၁၉၅၀ ခုနှစ်တွင်မွေးဖွားခဲ့ပြီး ၁၉၈၁ ခုနှစ်တွင် ဝင်နီဘာအဆင့်မြင့်ဆရာအတတ်သင် ကောလိပ်မှ ပညာရေးသိပ္ပံဒီပလိုမာ ရရှိခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၉၁ ခုနှစ်အထိ တီးမားဒေသတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၁ခုနှစ်မှ ၁၉၉၃ခုနှစ်အထိ ကုန်သွယ်ရေးနှင့် ခရီးသွားလာရေး ဒုတိယဝန်ကြီး အဖြစ်လည်းကောင်း၊ ၁၉၉၃ခုနှစ်မှ ၁၉၉၉ ခုနှစ်အထိ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်း ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း တာဝန်ပေးအပ်ခြင်းခံခဲ့ရသည်။ တစ်ဖန် ၁၉၉၉ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ကုန်သွယ်ရေး စက်မှုဝန်ကြီးဌာန ယာယီဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထို့မှ တစ်ဖန် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၁ခုနှစ်အထိ ကုန်သွယ်ရေးနှင့် စက်မှုလုပ်ငန်းဝန်ကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ် ဇန်နဝါရီလမှ ၂၀၀၉ ခုနှစ် ဇန်နဝါရီလအထိ ကီးတ မဲဆန္ဒနယ်တွင် ပါလီမန်အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

လွှဲအပ်

မစ္စတာ ဒန်နီရယ် ကွာစီ အဘိုဒါဂ်ပီသည် ကွာလာလမ်ပူမြို့တွင် ရုံးစိုက်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂါနာသမ္မတနိုင်ငံ၏ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။
(သတင်းစဉ်)

ရှေ့နေချုပ်နှင့် ဥပဒေအရာရှိများ လုပ်ငန်းညှိနှိုင်း ဆွေးနွေးပွဲ ထပ်ဆင့်ရှင်းလင်း

လားရှိုး မတ် ၁၁

ရှေ့နေချုပ်ရုံးနှင့် ပြည်နယ်၊ တိုင်း၊ ခရိုင်ဥပဒေအရာရှိများ၏ (၃၂)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲမှ လုပ်ငန်းဆိုင်ရာ မှာကြားချက်များကို မတ် ၆ရက် နံနက် ၇နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) ဥပဒေရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တွဲဖက်ပြည်နယ်ဥပဒေအရာရှိ ဦးကျော်ထင်က ထပ်ဆင့်ရှင်းလင်းသည်။

အစည်းအဝေးသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဥပဒေရုံးမှ တွဲဖက်ပြည်နယ်ဥပဒေအရာရှိ ဦးကျော်ထင်၊ လားရှိုးခရိုင်ဥပဒေအရာရှိ ဒေါ်မိုးမိုးခိုင်၊ ကျောက်မဲခရိုင်ဥပဒေအရာရှိ ဦးတင့်အောင်၊ မူဆယ်ခရိုင်ဥပဒေအရာရှိ ဦးစိုးသန်း၊ ကွမ်းလုံခရိုင်ဥပဒေအရာရှိ ဦးသိန်းအောင်၊ လောက်ကိုင်ခရိုင်ဥပဒေအရာရှိ ဦးဝင်းကျော်နှင့် မြို့နယ်ဥပဒေအရာရှိများတက်ရောက်ကြသည်။ ရှေးဦးစွာ တွဲဖက်ပြည်နယ်ဥပဒေအရာရှိကရှေ့နေချုပ်၊ ဒုတိယရှေ့နေချုပ်နှင့် ညွှန်ကြားရေးမှူးချုပ်တို့၏ လုပ်ငန်းဆိုင်ရာလမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းသည်။ မြို့နယ်ဥပဒေအရာရှိများက အမှုလိုက်လုပ်ငန်းဆိုင်ရာကိစ္စများကို တင်ပြကြရာ တွဲဖက်ပြည်နယ်ဥပဒေအရာရှိနှင့် ခရိုင်ဥပဒေအရာရှိများက ပြန်လည်ရှင်းလင်းသည်။ **(ပြည်နယ် ပြန်/ဆက်)**

မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်)
ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း(ရန်ကုန်) အမှုဆောင်ပါမောက္ခဦးမော်သန်းက လက်မှတ်ရပြည်သူ့စာရင်းကိုင်များအားလုံး သိရှိနားလည်ထားရန် လိုအပ်သော MERS for SMEs (Part-IV) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို မတ် ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရန်ကုန်မြို့ အမှတ် ၂၉ မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလုပ်ငန်းရှင်များအသင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စာရင်းပေးသွင်းနိုင်

ဟောပြောပွဲတက်ရောက်သူသည် CPE နာရီအတွက် ထောက်ခံချက်ရရှိမည်ဖြစ်ပြီး ဟောပြောပွဲတက်ရောက်ရန်အတွက် မတ်၂၄ရက်နောက်ဆုံးထား၍ မြန်မာနိုင်ငံ လက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း ရုံးခန်းအမှတ် (၁/၁၉) သခင်မြပန်းခြံလမ်း စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း ပထမထပ်သို့ မှတ်ပုံတင်ကြေးပေးသွင်း၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။ စာရင်းသွင်းရာတွင် အသင်းဝင်အမှတ်၊ ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် အမှတ်(ရှိလျှင်)၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်များ ဖော်ပြပေးရန်လိုပြီး သတ်မှတ်ရက်ကျော်လွန်မှ စာရင်းပေးသွင်းခြင်းကို လက်ခံမည်မဟုတ်ကြောင်း၊ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်း (ဒုတိယပိုင်း) တက်ရောက်နေဆဲ သင်တန်းသား သင်တန်းသူများအနေဖြင့် ဟောပြောပွဲတက်ရောက်လိုပါက သတ်မှတ်ရက်မတိုင်မီ စာရင်းစစ်ချုပ်ရုံး သင်တန်းကျောင်း(ရန်ကုန်)ရုံးခန်းမ၌ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ *(သတင်းစဉ်)*

ချိန်ခါမရွေး သတိပေး မီးဘေးကင်းဝေးမှာ

၂၀၁၀ နွေရာသီဖိတ်ခေါ်ဘတ်စကက်ဘောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၁၀ခုနှစ် နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲကို ဧပြီ ၂၄ရက်မှ ၃၀ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားဝင်းရှိ မိုးလုံလေလုံအားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အသက်(၁၆)နှစ်နှင့်အောက်ပြိုင်ပွဲနှင့် အသက်(၂၀)နှင့်အောက် အမျိုးသား အမျိုးသမီးပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်ကြေးအဖြစ် အသက်(၁၆) နှစ် နှင့်အောက် အမျိုးသား အမျိုးသမီးပြိုင်ပွဲများအတွက် တစ်သင်းလျှင် ငွေကျပ် ငါးထောင်၊ အသက်(၂၀)နှင့်အောက် အမျိုးသား၊ အမျိုးသမီး ပြိုင်ပွဲများအတွက် တစ်သင်းလျှင် ငွေကျပ် တစ်သောင်း သတ်မှတ်ထားသည်။

ပြိုင်ပွဲအတွက် အသက်ကန့်သတ်ချက်မှာ အသက်(၁၆)နှစ်နှင့်အောက်ပြိုင်ပွဲအတွက် ၁၉၉၄ခုနှစ်တွင် မွေးဖွားသူများဖြစ်ရမည်ဖြစ်ပြီး အသက်(၂၀)နှင့်အောက် ပြိုင်ပွဲအတွက် ၁၉၉၀ပြည့်နှစ်တွင် မွေးဖွားသူများ ဖြစ်ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင် ဘတ်စကက်ဘော အားကစားမောင်မယ်များအသက်ကို စစ်ဆေးနိုင်ရန် နိုင်ငံသားစိစစ်ရေးကတ် သို့မဟုတ် သန်းခေါင်စာရင်းမိတ္တူနှင့် တွဲတင်ပြရမည်ဖြစ်ပြီး လိုအပ်ပါက အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် ညှိနှိုင်း၍ အသက်ကို စိစစ်သွားမည်ဖြစ်သည်။

ညှိနှိုင်းဆောင်ရွက်

ပြိုင်ပွဲသို့ ပြည်နယ်နှင့်တိုင်းများမှ ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများအတွက် တစ်သင်းလျှင် အနည်းဆုံး အားကစားသမား ၁၀ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ပြီး တစ်သင်းလျှင် ထောက်ပံ့ကြေး ငွေကျပ်တစ်သိန်းနှုန်းဖြင့်လည်းကောင်း၊ တစ်ဦးလျှင် ထောက်ပံ့ကြေးငွေကျပ် ၁၅၀၀နှုန်းဖြင့်လည်းကောင်း စားစရိတ်ပံ့ပိုးသွားမည်ဖြစ်ကာ တည်းခိုနေထိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်သည်။

နွေရာသီဖိတ်ခေါ် ဘတ်စကက်ဘောပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် ဝန်ကြီးဌာန၊ ပြည်နယ်နှင့်တိုင်း၊ ကလပ်အသင်းများသည် ဧပြီ ၂၀ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ရန်ကုန်မြို့ ဖုန်း-၀၉-၈၉၇၄၂၁၃နှင့် ၀၉-၅၁၅၉၅၉၄တို့သို့ အမည်စာရင်းပေးသွင်းရမည်ဖြစ်ပြီး ပြိုင်ပွဲအတွက် ပွဲစဉ်မဲနှိုက်၍ ရေးဆွဲခြင်းလုပ်ငန်းများကို ဧပြီ ၂၃ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံ ဘတ်စကက်ဘော အားကစားပြိုင်ပွဲရုံ၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၂-၃-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၅:၀၀	MRTV-4အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၁၅	MRTV-4 သတင်း
၆:၀၀	**ဝိပဿနာအခြေခံ(၅)ပါး** တရားတော် (ကွမ်းခြံကုန်းဆရာတော် အရှင်ဘောဂ)
၆:၅၀	သုဒဿနတောင်ပေါ်မှ လေးဆူဓာတ်ပျော် ပြည်ရွှေဆံတော်
၇:၀၀	MRTV-4 သတင်း
၇:၄၅	(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ဝတ်စုံနှင့် ရိုးရာအစားအစာရောင်းချပွဲ
၈:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၇)
၈:၃၀	Sports World (Figure Skating Championships) (Part-3)
၈:၅၅	မုဒိတာနှလုံးသားများနဲ့ ပီတိအပြုံးများ
၉:၃၀	Movie Talk [ရှုမဝဦးကျော် အသက်(၁၀၀)ပြည့် ဂုဏ်ပြုအစီအစဉ်] (အပိုင်း-၁)
၁၀:၁၀	အပြည်ပြည်ဆိုင်ရာအာဘိဓမ္မာ တက္ကသိုလ်သတင်းစာရှင်းလင်းပွဲ
၁၀:၃၀	ရွှေဒုံးမြေမှ မြတ်ဆရာပူဇော်ပွဲ
၁၀:၅၅	ဖက်ရှင်လမ်းညွှန် (ဆန်းသစ်တီထွင် ကချင်ဒီဇိုင်းဖက်ရှင်)
၁၁:၂၅	ပြန်လည်တမ်းတသူ့ဘဝ အနုပညာအလှ (ဂီတကဏ္ဍ)
၁၁:၄၅	ရေပျော်ငှက်တို့နားခိုရာ
၁၂:၀၀	အလှဆင်စရာ ပရိဘောဂကမ္ဘာ (Universal Light Furniture)
၁၂:၁၅	ရှုတိုင်းလှသည် ပထက်တောင် အတုလရုံသီ
၁၂:၂၀	မုဒိတာနှလုံးသားများနဲ့ ပီတိအပြုံးများ
၁:၀၀	**ဝိပဿနာအခြေခံ(၅)ပါး** တရားတော် (ကွမ်းခြံကုန်းဆရာတော် အရှင်ဘောဂ)
၂:၀၀	MRTV-4 သတင်း
၂:၄၅	သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်သားညီနှင့်တွေ့ဆုံခြင်း (အပိုင်း-၂)
၃:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၇)
၄:၀၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄:၃၀	ရှုတိုင်းလှသည် ပထက်တောင် အတုလရုံသီ
၄:၃၅	အပြည်ပြည်ဆိုင်ရာအာဘိဓမ္မာ တက္ကသိုလ်သတင်းစာရှင်းလင်းပွဲ
၄:၅၅	(၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာ ဝတ်စုံနှင့် ရိုးရာအစားအစာရောင်းချပွဲ
၅:၀၅	ရွှေဒုံးမြေမှ မြတ်ဆရာပူဇော်ပွဲ
၅:၁၀	MRTV-4 ကာတွန်းအစီအစဉ်
၆:၀၀	MRTV-4 သတင်း
၆:၂၀	World of Knowledge (Gorilla Murders)
၇:၁၀	အလှဆင်စရာ ပရိဘောဂကမ္ဘာ (Universal Light Furniture)
၇:၃၀	FMF Selection
၈:၀၀	MRTV-4 သတင်း
၈:၃၀	Housing & Building 2010
၉:၀၅	VJ Choice
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ကြည်နူးဝေဖြာ မေတ္တာကမ္ဘာ** (အပိုင်း-၄၇)
၁၀:၀၀	ဖက်ရှင်လမ်းညွှန် (ဆန်းသစ်တီထွင် ကချင်ဒီဇိုင်းဖက်ရှင်)
၁၀:၂၅	သူတို့ပြောတဲ့ သူတို့အကြောင်း သရုပ်ဆောင်သားညီနှင့်တွေ့ဆုံခြင်း (အပိုင်း-၂)
၁၀:၅၅	VJ Choice
၁၁:၂၀	ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၄၀	မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း
၁၁:၅၅	**လေ့ကားသုံးထစ်ဆင်းတဲ့အခါ** မင်းသူ၊ အိန္ဒြာ၊ အေးသီတာ [ဒါရိုက်တာသိန်းဟန်(ဖိုးနစ်)]
၁၂:၀၀	ဂမုန်းရေလှောင်တမံ
၁၂:၁၀	ကွင်းမြေနမူနာထုတ်ယူခြင်းမှ ရရှိလာသောမြေနမူနာများအား ဓာတ်ခွဲစမ်းသပ်ခြင်း
၁၂:၂၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

တရုတ်၌ ဆီးနှင်းထူထပ်၊ သင်္ဘောခရီးစဉ်များဖျက်သိမ်း

တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့ဆိပ်ကမ်းတွင် မတ် ၁၁ရက် နံနက်က ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းမှုကြောင့် သင်္ဘောအစင်း၈၀ခန့် ခရီးစဉ်များဖျက်သိမ်းခဲ့ရကြောင်း တရုတ်ဆိပ်ကမ်းအရာရှိများက ပြောကြားသည်။

ရုရှားကအိန္ဒိယသို့ တိုက်လေယာဉ်များရောင်းမည်

ရုရှားဝန်ကြီးချုပ်ဗလာဒီမာပူတင်သည် အိန္ဒိယနိုင်ငံသို့ အလည်အပတ်ခရီးစဉ်အဖြစ် မကြာမီလာရောက်မည်ဖြစ်ရာ အမေရိကန်ဒေါ်လာ ၁၀ဘီလီယံ တန်ဖိုးရှိသော ရုရှား တိုက်လေယာဉ် ၂၉စင်းကို အိန္ဒိယသို့ ရောင်းချရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ရုရှားအရာရှိများက မတ် ၁၁ရက်၌ ပြောကြားသည်။

အင်ဒိုနီးရှား၌ အကြမ်းဖက်သမားများအား နှိမ်နင်း

အင်ဒိုနီးရှားနိုင်ငံ အာချေးပြည်နယ်နှင့် ဂျာဗားကျွန်းတို့တွင် အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားများအား မတ် ၁၁ရက် နံနက်က နှိမ်နင်းတိုက်ခိုက်ခဲ့ရာ အကြမ်းဖက်သမားငါးဦးသေဆုံးပြီး ၂၂ဦးဖမ်းဆီးရမိခဲ့ကြောင်း အင်ဒိုနီးရှားရဲတပ်ဖွဲ့က ပြောကြားသည်။

တရုတ်မြောက်ပိုင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား

တရုတ်နိုင်ငံမြောက်ပိုင်း အတွင်းမွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဂါလူတူမြို့တွင် ဓာတ်ငွေ့သိုလှောင်ကန်တစ်ကန် မတ် ၁၁ရက်နံနက်က ပေါက်ကွဲမှုဖြစ်ပွားရာ တစ်ဦးသေဆုံးခဲ့ကြောင်း ဂါလူတူမြို့ရဲတပ်ဖွဲ့က သတင်းထုတ်ပြန်သည်။ (အောက်ပုံ)

တူရကီနှင့် ပြင်သစ် တိုက်ရိုက်လေကြောင်းပျံသန်းမည်

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့မှ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ တိုက်ရိုက်ပျံသန်းမည့် လေကြောင်းလိုင်းသစ်တစ်လိုင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း ယင်းလေကြောင်းလိုင်းသည် တူရကီနိုင်ငံ ပုဂ္ဂလိကလေကြောင်းလိုင်း ပီဂါဆပ်မှ လေယာဉ်များပျံသန်းပြေးဆွဲမည်ဖြစ်ကြောင်း တူရကီအရာရှိများက မတ် ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

ရုရှား၌ ရထားဗုံးခွဲတိုက်ခိုက်သူများဖမ်းဆီး

ရုရှားနိုင်ငံတွင် ပြီးခဲ့သည့်နိုဝင်ဘာလက ၂၆ဦးသေဆုံးခဲ့ရသော ရထားဗုံးခွဲတိုက်ခိုက်မှုတွင် ပါဝင်ပတ်သက်ခဲ့သည့် ၁၀ဦးကို ရုရှားလုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးမိပြီဖြစ်ကြောင်း မတ် ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

တောင်ကိုရီးယားနှင့်တူရကီ နျူစက်ရုံတည်ဆောက်မည်

တူရကီနိုင်ငံမြောက်ပိုင်း ပင်လယ်နက်ကမ်းရိုးတန်း၌ နျူကလီးယားစွမ်းအင် စက်ရုံတည်ဆောက်ရေးစီမံကိန်းကို တောင်ကိုရီးယားနှင့်တူရကီတို့ ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီမှုစာချုပ်တစ်ရပ်ကို မတ် ၁၁ရက်၌ နှစ်နိုင်ငံကိုယ်စားလှယ်များ လက်မှတ်ရေးထိုးလိုက်ကြသည်။

ဘရာဇီးနိုင်ငံ အမေဇုန်မြစ်အတွင်း သင်္ဘောနစ်မြုပ်

ဘရာဇီးနိုင်ငံ အမေဇုန်မြစ်အတွင်း ခရီးသည်တင်သင်္ဘောတစ်စင်း မတ် ၁၁ရက် နံနက်က မတော်တဆဖြစ်ရပ်ကြောင့် နစ်မြုပ်ခဲ့ကြောင်း၊ ခရီးသည် ၉၀ကျော်အား ကယ်ဆယ်နိုင်ခဲ့ပြီး ပျောက်ဆုံးသူများကို ရှာဖွေလျက်ရှိကြောင်း မတ် ၁၁ရက်၌ သတင်းထုတ်ပြန်သည်။

A(H1N1)ရောဂါ ကလေးငယ်များ၌ဖြစ်ပွား

အမေရိကန်နိုင်ငံတစ်ဝန်း၌ဖြစ်ပွားသော A(H1N1) ရောဂါသည်များတွင် ငါးနှစ်အောက်ကလေးငယ်များ အဖြစ်များကြောင်း အမေရိကန်ကျန်းမာရေးအရာရှိများက မတ် ၁၁ရက်၌ သတင်းထုတ်ပြန်သည်။ **(အင်တာနက်)**

ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် ၃/ရန်ပြေရပ်ကွက် ပညာတံခွန်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို မတ် ၅ရက်က ယင်းစာကြည့်တိုက်ရှေ့၌ကျင်းပရာ ရန်ကုန်တိုင်းပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်ဆွေနှင့် ခရိုင်ဦးစီးအရာရှိ ဦးတင်ကို၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကံစောလှိုင်နှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမိုးဝင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၁၁၆)

ကျောက်ကြီးမြို့နယ် ဒုံးတိုကျေးရွာ မျိုးဆက်သစ်စာကြည့်တိုက်ဖွင့်

ကျောက်ကြီး မတ် ၁၁

(၆၅)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြု၍ ကျောက်ကြီးမြို့နယ် ဒုံးတိုကျေးရွာ မျိုးဆက်သစ်စာကြည့်တိုက်အဆောက်အအုံဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက် နံနက် ၉နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရွှေဦးစွာ စာကြည့်တိုက်အဆောက်အအုံကို စာကြည့်တိုက်ဖြစ်မြောက်ရေးအကျိုးတော်ဆောင် နာယကဆရာတော် ဘဒ္ဒန္တကေလာသ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဇော်မျိုးညွန့်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နှင်းယုအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် စာကြည့်တိုက်ဖြစ်မြောက်ရေးအကျိုးတော်ဆောင် နာယကဆရာတော်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာကြည့်တိုက်ရှင်သန်ခိုင်မာရေး ဟောပြောဆွေးနွေးသည်။

အကုန်အကျခံ

အဆိုပါစာကြည့်တိုက်ကို စာကြည့်တိုက်ဖြစ်မြောက်ရေးအကျိုးတော်ဆောင် နာယကဆရာတော်၏ဦးဆောင်မှုဖြင့် ကျေးရွာပြည်သူများက ငွေကျပ် ၃၂သန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး သွပ်မိုး၊ ပျဉ်ကာ၊ အုတ်ဖိနပ်ခံ တစ်ထပ်အဆောက်အအုံဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဗိုလ်ကြီးလှိုင်ဝင်းအား ရည်စူး၍ တွံတေးမြို့ ကန်သာယာ စလမ်းနေ ဇနီး ဒေါ်ခင်တင့်နှင့် သားသမီး၊ မြေး၊ မြစ်တစ်စုတို့က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ အာဟာရနှင့်ဆေးပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းကို ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်းထံ ပေးအပ်လှူဒါန်းစဉ်။ (၁၀၅)

လျှပ်စစ်ဝိုင်ယာကြိုးများ ထန်တလန်၌ ပြုပြင်တပ်ဆင်

ထန်တလန် မတ် ၁၁

ထန်တလန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း တပ်ဆင်ထားသော လျှပ်စစ်မီတာပုံးနှင့် လျှပ်စစ်ဝိုင်ယာကြိုးများ ပြုပြင်တပ်ဆင်မှုကို ဖေဖော်ဝါရီ ၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးချန်ဟမ်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဆွေးအုပ်တို့ ကြီးကြပ်ဆောင်ရွက်သည်။ **(မြို့နယ် ပြန်/ဆက်)**

တောင်ငူမြို့နယ်အသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် မတ် ၁၁

တောင်ငူမြို့နယ်အသင်း(အုတ်တွင်း၊ ထန်းတပင်အပါအဝင်)၏ သက်ကြီးပူဇော်ပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို မတ် ၂၈ ရက်(တနင်္ဂနွေနေ့) နံနက်၈နာရီတွင် ဗဟန်းမြို့နယ် ကြေးသွန်းဘုရားကြီးရှေ့ မင်္ဂလာဈေး ခမ်းမရုံ၌ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဦးထွန်းထွန်း(ဘုရင့်နောင်သက်န်းတိုက်) ဖုန်း-၅၄၃၉၅၈၊ အတွင်းရေးမှူး ဦးတင်လှ ဖုန်း-၇၂၂၇၈၅နှင့် ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၀၉တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ရူပဗေဒ ၁၉၇၂-၇၇ ကျောင်းသားကျောင်းသူဟောင်းများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရူပဗေဒ ၁၉၇၂-၇၇ ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၀)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို မတ် ၂၈ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် တက္ကသိုလ်များခမ်းမရုံ၌ကျင်းပမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန်နှင့် ဒေါ်ခင်တင့် ဖုန်း-၅၃၅၄၈၂၊ ဒေါ်ခင်ထားရီ ဖုန်း-၃၈၄၁၂၃၊ ဦးသန်းလင်း ဖုန်း-၅၄၉၀၉၀၊ ဦးမြင့်ဝင်း ဖုန်း-၀၉-၅၀-၈၆၉၇၇၊ ၅၁၁၄၇၇၊ ၂၂၀၇၆၄၊ ဦးဝင်းမြင့် ဖုန်း-၀၉-၄၈၈၅၀၅၂၉ နှင့် ဦးချစ်စိန် ဖုန်း-၀၉-၅၁-၆၈၃၅၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**



ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ရန်ကြီးအောင်ပန်းခြံအတွင်းရှိ ပျိုးဥယျာဉ်တွင် ပျိုးပင်များပျိုးထောင်မှုအခြေအနေကို အမှုဆောင်အရာရှိ ဦးမျိုးအောင် ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဟောပြော

ရန်ကုန် မတ် ၁၁

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် နွေရာသီမီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဟောပြောပွဲနှင့် ကွင်းဆင်းစစ်ဆေးမှုကို မတ် ၇ရက်က ညောင်ပင်ကျေးရွာ ငါးပိ၊ ငါးခြောက်၊ ငံပြာရည်လုပ်ငန်းဇုန်(၁)ရုံး၌ ကျင်းပသည်။

ဟောပြော

မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် သတိရှိစေရေးအတွက် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုဦးက လုပ်ငန်းခွင်မီးဘေးအန္တရာယ်ကင်းရှင်းရေး၊ ပေါ့ဆမီး၊ လျှပ်စစ်မီး၊ အဖျက်အမှောင့်မီးတို့ကို ရှင်းလင်းဟောပြောသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြို့နယ်ဦးစီးအရာရှိနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူးနှင့် စည်ပင်သာယာရေးကော်မတီဝင်တို့သည် ဇုန်အတွင်းရှိ အလုပ်ရုံများသို့ လိုက်လံစစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

❒ *ကျောဖုံးမှ*

လေဆိပ်မှခ်ဦး အဝင်ဝအတိုင်း မော်တော်ယာဉ်မောင်းဝင်ခဲ့ရာ မကြာမီ ဟဲဟိုးလေဆိပ်သို့ ရောက်ရှိသည်။ လိုအပ်သည့် စစ်ဆေးမှုများကိုခံယူပြီး ခေတ္တစောင့်ဆိုင်းနေစဉ် ကမ္ဘာလှည့်ခရီးသွားအဖွဲ့တစ်ဖွဲ့လည်း ဆိုက်ရောက်လာသည်ကို တွေ့ရသည်။ စုစုပေါင်း ၂၀ခန့်ရှိမည်။ ကမ္ဘာလှည့်ခရီးသွားများကို ကြည့်ရသည်မှာ စိတ်ပျော်ရွှင်လန်းဆန်းနေသည့် ဟန်များဖြင့် စကားများ ဖောင်ဖွဲ့အောင် ပြောဆိုနေကြသည်။

အဆောက်အအုံ

အချိန်ရခိုက် ဟဲဟိုးလေဆိပ်အဆောက်အအုံကို လေ့လာမိသည်။ လက်ရှိ လေဆိပ်အဆောက်အအုံသည် အလျားပေ ၃၀၀၊ အနံပေ ၅၀နှင့် အမြင့် ၂၅ ပေရှိပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၁၉၉၂ ခုနှစ် ဧပြီလတွင် စတင်ဆောက်လုပ်ခဲ့သည်။ လေဆိပ်အဆောက်အအုံသစ်ကို ၁၉၉၆ခုနှစ် ဇူလိုင် ၁၄ရက်၌ ဖွင့်လှစ်ကာ စတင်အသုံးပြုနိုင်ခဲ့ကြောင်း သိရသည်။

သက်သောင့်သက်သာ

လေဆိပ်အဆောက်အအုံသစ် တည်ဆောက်ပေးခဲ့မှုကြောင့် အဝင်ခရီးသည် ၂၀၀နှင့် အထွက်ခရီးသည် ၂၀၀ခန့် အသုံးပြုနိုင်သည်ကိုတွေ့ရသည်။ အဆောက်အအုံခန်းမတွင် ခရီးသည်များအတွက် ရုပ်မြင်သံကြားစက် တပ်ဆင်ဖွင့်လှစ်ပေးထားသည့်အပြင် ခေတ်မီထိုင်ခုံများကိုလည်း စနစ်တကျ ခင်းကျင်းထားသည်။ ခရီးသည်များ သက်သောင့်သက်သာနားနေစောင့်ဆိုင်းနိုင်အောင် စီစဉ်ပေးထားသည်။

ဟဲဟိုးလေဆိပ်အဆောက်အအုံ တိုးချဲ့တည်ဆောက်မှုတွင် ခရီးသည်နားနေခန်း၊ ခရီးသည်များ ခရီးတစ်ထောက်နားခန်းနှင့် ခရီးသည်ထွက်ခွာခန်းတို့ကို သေသပ်သန့်ရှင်းစွာ ပြုလုပ်ပေးထားသည်ကိုတွေ့ရသည်။ ခရီးသည်များ ခရီးတစ်ထောက်နားနေခန်းတွင် လက်ဆောင်ပစ္စည်းများ ဝယ်ယူနိုင်ရန် စီစဉ်ပေးထားမှုကလည်း အချိန်အလုအယက် ခရီးသွားလာနေရသူများအတွက် အဆင်ပြေလှသည်။

ဟဲဟိုးလေဆိပ် မှခ်ဦးအဝင်နှင့် လေဆိပ်အဆောက်အအုံကို ဤသို့ တွေ့ရသည်။
(မြန်မာ့အလင်း)

လေယာဉ်ကွင်း

ထို့နောက် လေယာဉ်ကွင်းကို လေ့လာမိသည်။ မိမိတို့ စီးနင်းလိုက်ပါရမည့် လေယာဉ်ပေါ်မတက်မီ ခရီးသည်လေယာဉ်တစ်စင်း ဟဲဟိုးလေဆိပ်သို့ ဆိုက်ရောက်လာသည်။ လေယာဉ်ပေါ်မှ ခရီးသည်အချို့ ဆင်းလာသည်။ လေယာဉ်ပေါ်မှ ဆင်းလာသူများတွင် ကမ္ဘာလှည့်ခရီးသွားများပါဝင်လာသည်ကို သတိပြုမိသည်။ တောင်ကြီး- အင်းလေးသို့ အလည်အပတ်ခရီးထွက်မည့် ကမ္ဘာလှည့်ခရီးသည်များပင် ဖြစ်သည်။

ဆင်းသက်နိုင်

ဟဲဟိုးလေယာဉ်ကွင်းတွင် လေယာဉ်ပြေးလမ်းအရှည်မှာ ယခင်က ပေ၆၀၀၀နှင့် အကျယ်ပေ ၅၀ ရှိခဲ့ရာမှ ယခုအခါ လေယာဉ်ပြေးလမ်းအရှည်ပေ ၈၅၀၀၊ အကျယ် ပေ၁၀၀နှင့် ထု ၂၁ လက်မအထိ တိုးချဲ့ဆောက်လုပ်ခဲ့ပြီးဖြစ်သည်။ လေယာဉ်ပြေးလမ်း မျက်နှာပြင် အမျိုးအစားမှာလည်း နိုင်လွန်ကတ္တရာ(အေစီ)ဖြစ်ပြီး ခံနိုင်ရည်ဝန်အားမှာ ပေါင် ၁၅၀၀၀၀ ရှိသည်။ ထို့ကြောင့် ဟဲဟိုးလေယာဉ်ကွင်းသည် ဘိုးရင်း (၇၃၇-၄၀၀) လေယာဉ်ကြီးများအထိ ဆင်းသက်နိုင်သည့်အဆင့်ရှိကြောင်း သိရသည်။

လေကြောင်းများ

ဟဲဟိုးလေဆိပ်ကို အသုံးပြုသည့် လေကြောင်းလိုင်းများမှာ မြန်မာ့လေကြောင်း၊ အဲပုဂံ၊ ရန်ကုန် အဲဝေးနှင့် အဲမန္တလေးတို့ဖြစ်ပြီး ပျံသန်းသည့် လေယာဉ်အမျိုးအစားများမှာ ဖော်ကာ F-27, F-28, F-100, ATR 72 နှင့် ATR 42 တို့ ဖြစ်သည်။

ဟဲဟိုးလေဆိပ်မှ ရန်ကုန်၊ မန္တလေး၊ ပုဂံ-ညောင်ဦး၊ သံတွဲ၊ လားရှိုး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မိုင်းဆတ်နှင့် နေပြည်တော်မြို့များသို့ ပြေးဆွဲပျံသန်းလျက်ရှိကြောင်း သိရသည်။ ပွင့်လင်းရာသီ၌ ခရီးသည်များပြီး လေယာဉ်ခရီးစဉ်များ ပိုမိုများပြားလေ့ရှိသည်။

ဟဲဟိုးလေဆိပ်မှ တစ်ဆင့် ပြည်တွင်းခရီးစဉ် ဆက်လက်ထွက်ခွာကြမည့် ကမ္ဘာလှည့်ခရီးသွားများ ဤသို့ ဥဒဟို ဝင်ထွက်သွားလာနေကြသည်ကို တွေ့ရသည်။
(မြန်မာ့အလင်း)

ပြန်လည်ထွက်ခွာမည့် ယင်းလေယာဉ်ပေါ်သို့ တက်ရောက်မည့် ခရီးသည်အများစုမှာလည်း ကမ္ဘာလှည့် ခရီးသည်များပင်ဖြစ်သည်။ ယင်းကမ္ဘာလှည့်ခရီးသည်များမှာ တောင်ကြီး၊ အင်းလေးနှင့် အနီးဝန်းကျင်နေရာများကို သွားရောက်လည်ပတ်လေ့လာခဲ့ကြပြီး ပြန်လာကာ မန္တလေးဘက်သို့ ဆက်လက်ထွက်ခွာမည့်သူများပင်ဖြစ်သည်။ ကမ္ဘာလှည့်ခရီးသည်များ စုပြုံလာရောက်တတ်သည့် ခရီးသွားရာသီအတွင်း ပျံသန်းပြေးဆွဲနေသည့် လေယာဉ်ခရီးစဉ်အားလုံးလိုလို ခရီးသည်အပြည့် ရတတ်ကြောင်း ဟဲဟိုးလေဆိပ် ယာယီတာဝန်ခံ ဦးဝင်းမြင့်က ရှင်းပြသည်။

တိုးချဲ့တည်ဆောက်

ဟဲဟိုးလေဆိပ်အတွင်း လေ့လာကြည့်ရာ လေယာဉ်ရပ်နားရာနေရာကို တိုးချဲ့ပြုပြင်တည်ဆောက်ထားမှုကို သတိပြုမိသည်။ ဟဲဟိုးလေဆိပ်၏ ယခင်လေယာဉ်ရပ်နားရာနေရာမှာ အရှည်ပေ ၆၀၀၊ အကျယ်ပေ ၂၅၀ရှိခဲ့သည်။ ယခုအခါ အရှည်ပေ ၇၂၀၊ အကျယ်ပေ ၂၅၀အထိ တိုးချဲ့တည်ဆောက်ခဲ့သဖြင့် လက်ရှိအခြေအနေမှာ လေယာဉ်ငါးစင်း တစ်ပြိုင်တည်း ရပ်နားအသုံးပြုနိုင်သည့် အနေအထားရှိနေပေပြီ။

ခရီးသည်အပြည့်

ဤသို့နှင့် ဟဲဟိုးလေဆိပ်မှ ပျံသန်းထွက်ခွာတော့မည့် မြန်မာ့လေကြောင်းပိုင်လေယာဉ်ပေါ်သို့ တက်ခဲ့သည်။ ဟဲဟိုး-ကျိုင်းတုံခရီးစဉ်ဖြစ်သော်လည်း ခရီးသည်အပြည့်ဖြစ်နေသည်။ မိမိထိုင်ခုံနေရာမှာ လေယာဉ်နောက်ဆုံး၌ရှိနေသဖြင့် မိမိနေရာယူပြီး မကြာမီ လေယာဉ်စတင်ပျံသန်းလေသည်။ လေကြောင်းခရီးစဉ်များကို တိုးချဲ့ပျံသန်းပေးနိုင်မှုက ခရီးသွားများပြားလာမှု၊ လေယာဉ် ခရီးစဉ်များအပေါ် ခရီးသည်တို့၏ ယုံကြည်မှုများအပြင် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု၏ ပြယုဂ်များဟု တွေးတောနေမိပါတော့သည်။ ။

(မြန်မာ့အလင်း)

ဇန်းမော်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် မတ် ၁၁

ဇန်းမော်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၂၀ရက် (စနေနေ့) နံနက် ၉နာရီတွင် ဒဂုံမြို့နယ် ရွှေတိဂုံဘုရားတောင်ဘက်မုခ် ကျောက်စိမ်းတွင်းဓမ္မာရုံသစ်ကြီး၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့် ဇန်းမော်ခရိုင်သူ၊ ခရိုင်သားများအားလုံး တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းနိုင်

သက်ကြီးပူဇော်ပွဲအတွက် အသက် ၇၅နှစ်အထက် အဘိုး အဘွားများ ကိုယ်တိုင်တက်ရောက်အပူဇော်ခံရန်နှင့် ပညာရည်ချွန်ဆုအတွက် ၂၀၀၉ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးဖြင့်အောင်မြင်သူ အသင်းသား၊ အသင်းသူများ၏ သားသမီးများ အမည်စာရင်းကို အမှတ်စာရင်းနှင့်တကွ ဥက္ကဋ္ဌ ဦးစိန်မောင် ဖုန်း-၅၄၃၃၀၄၊ အတွင်းရေးမှူး ဦးတင်မောင်အေး ဖုန်း-၀၉-၅၁-၆၀၅၅၂၊ အတွင်းရေးမှူး(၁) ဒေါ်ရီရီဝေ ဖုန်း-၀၉-၅၀-၀၄၃၃၉၊ အတွင်းရေးမှူး(၂) ဦးခင်မောင်သင်း ဖုန်း-၀၉-၅၁-၈၇၅၂၃၊ တွဲဖက်စာရင်းစစ်ဦးစန်းအောင် ဖုန်း-၀၁-၅၄၆၃၃၅၊ အမှုဆောင်ဦးမျိုးတင့် ဖုန်း-၀၉-၅၀-၀၇၂၇၄၊ ၀၁-၃၉၃၃၆၄တို့သို့ ဆက်သွယ်ပေးပို့ရန်၊ ဂုဏ်ထူးရ ကျောင်းသားကျောင်းသူများကိုယ်တိုင် ဆုတက်ရောက်ယူရန်ဖြစ်ပြီး ကိုယ်စားဆုချီးမြှင့်မည် မဟုတ်ကြောင်းနှင့် အလှူငွေလှူဒါန်းခြင်း မပြုရသေးသူများလည်း ဆက်သွယ်လှူဒါန်းနိုင်သည်။ **(သတင်းစဉ်)**

မုဒုံဓမ္မာရုံတည်ဆောက်ရေး ပန္နက်တင်

ရန်ကုန် မတ် ၁၁

မုဒုံမြို့နယ် ဓမ္မာရုံတည်ဆောက်ရေး ပန္နက်တင်ပွဲအခမ်းအနားကို မတ်၇ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီတော်(ရန်ကုန်) အနောက်ဘက်မုခ် မင်္ဂလာကြာကန်အနီးရှိ အဆိုပါဓမ္မာရုံတည်ဆောက်မည့် မြေနေရာ၌ ကျင်းပရာ နာယကအဖွဲ့ဝင်များ၊ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က သတ်မှတ်နေရာအသီးသီးတို့၌ ပန္နက်တင်ပေးကြသည်။

ပေးအပ်လှူဒါန်း

ပန္နက်တင် မင်္ဂလာအခမ်းအနားအပြီးတွင် စွယ်တော်မြတ်စေတီတော်(ရန်ကုန်) ဂေါပကအဖွဲ့ရုံး ခန်းမဆောင်၌ မုဒုံမြို့နယ် ဓမ္မာရုံတည်ဆောက်ရေးအတွက် မတည်အလှူရှင် ၁၁ဦးတို့က ငွေကျပ် သိန်း ၈၂၀ကို ပေးအပ်လှူဒါန်းကြသည်။

မုဒုံမြို့နယ် ဓမ္မာရုံတည်ဆောက်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်နေပြီဖြစ်ရာ ပစ္စည်းနှင့် အလှူငွေများ လှူဒါန်းလိုပါက ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း) ဖုန်း-၅၇၀၈၈၂၊ ဒုတိယဗိုလ်မှူးကြီးအေးကျော်(ငြိမ်း) ဖုန်း-၅၈၅၃၀၂၊ ဦးသာလှ ဖုန်း-၅၃၉၄၅၃၊ ဦးငွေစိုး ဖုန်း-၅၆၉၃၁၃၊ ဦးသန်းတင်အောင် ဖုန်း-၆၆၂၂၆၃၊ ဒေါက်တာစောလွင် ဖုန်း- ၅၁၁၉၂၆၊ ဦးတင်ကြိုင် ဖုန်း-၅၇၈၄၇၄၊ ဦးအောင်ကြည် ဖုန်း-၅၉၁၁၆၁၊ ဦးစိုးတင် ဖုန်း-၅၃၈၇၂၀၊ ဗိုလ်မှူးတင်အေး(ငြိမ်း) ဖုန်း-၅၂၅၁၈၇၊ ဒုတိယဗိုလ်မှူးကြီးရဲခေါင်(ငြိမ်း) ဖုန်း-၆၄၂၅၅၄၊ မုဒုံမြို့ရှိ ဒေါက်တာမြင့်ဦး ဖုန်း-၀၅၇-၇၀၀၆၁၊ ဒေါက်တာသန်းဝင်း ဖုန်း-၀၅၇-၇၀၁၇၇နှင့် အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်သည်။ **(သတင်းစဉ်)**

ယခုအပတ်ထုတ် TV Guide ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၁၁

TV Guide စာစောင် အတွဲ(၁)၊ အမှတ်(၃၆)ကို မတ် ၁၂ရက် (သောကြာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယင်း TV Guide စာစောင်တွင် MTV ရုပ်သံလိုင်း၌ပြသမည့် ဇန်နဝါရီ ၁၂ရက်က ဟေတီနိုင်ငံတွင်လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ခံစားခဲ့ရသည့် ဒုက္ခသည်များအတွက် သီဆိုဖျော်ဖြေမည့် Artist For Haiti အစီအစဉ်၊ Star Movies ရုပ်သံလိုင်းတွင် မြန်မာစာတန်းထိုးများဖြင့်ပြသမည့် X-Men Origins: Wolverine, Max Payne, Doctor Dolittle: Tail To The Chief, Kalifornia စသည့် ရုပ်ရှင်ဇာတ်ကားများ၏ Hilight များ၊ Star Sports နှင့် ESPN ရုပ်သံလိုင်းများတွင် တိုက်ရိုက်ပြသမည့် ချယ်လ်ဆီး-ဝက်စ်ဟမ်း၊ ဆန်းဒါးလန်း-မန်စီးတီး၊ ဟူးလ်စီးတီး-အာဆင်နယ်၊ တော့တင်ဟမ်-ဘလက်ဘန်း၊ မန်ယူ-ဖူလ်ဟမ်စသည့် ပွဲစဉ်များ၏ ပွဲကြိုသုံးသပ်ချက်များ၊ မြန်မာစကားပြောများဖြင့် စတင်ထုတ်လွှင့်ပေးနေပြီဖြစ်သည့် Nat Geo Wild ရုပ်သံလိုင်းတွင် တင်ဆက်ပေးမည့် Kangaroo Kaos အစီအစဉ်၊ Animal Planet ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့်တင်ဆက်မည့် Amba-The Russian Tiger အစီအစဉ်နှင့် The Beauty of Snake အစီအစဉ်၊ Travel & Living ရုပ်သံလိုင်းတွင် မြန်မာစကားပြောဖြင့်တင်ဆက်ပေးမည့် Gel Away-2007 အစီအစဉ်၊ အစီအစဉ်အားလုံးကို မြန်မာစကားပြော၊ မြန်မာစာတန်းထိုးများဖြင့် ပြသနေသည့် NGC ရုပ်သံလိုင်းမှ အစီအစဉ်များ၊ Mandalay FM တွင် ထုတ်လွှင့်ပေးမည့် သင်္ကြန်အမီချစ်ကြမယ် အစီအစဉ်၊ MRTV-4 ရုပ်သံလိုင်းတွင်ပြသမည့် ပြည်တွင်းမှာသာမက အရှေ့တောင်အာရှက ပညာသင်ကျောင်းတွေအထိပါ သွားရောက်ရိုက်ကူးထားသည့် Study Guide အစီအစဉ်နှင့် မောင်မောင်မြင့်၊ အောင်လွင်၊ နွဲ့နွဲ့စန်း၊ ချိုပြုံးတို့ပါဝင်ထားသည့် ငယ်မူပြန်တာကောင်းတယ်၊ ငယ်မူမပြန်တာကောင်းတယ် စကားနပန်းအစီအစဉ်စသည့် အကြောင်းအရာများပါဝင်ပြီး ရုပ်သံလိုင်းအားလုံး၏ တစ်ပတ်စာအစီအစဉ်များ ပါဝင်သည်။

TV Guide စာစောင်ကို တစ်စောင်လျှင် ငွေကျပ် ၅၀၀နှုန်းဖြင့် City Mart များ၊ စိန်ဂေဟာစင်တာများ၊ Shopping Centre များ၊ စာအုပ်ဆိုင်များ၊ ဂျာနယ်ဆိုင်များတွင် ဝယ်ယူနိုင်ကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အိမ်တိုင်ရာရောက် အစီအစဉ်ရှိနေပြီဖြစ်ကြောင်း သိရသည်။

မိမိနှင့်မိသားစုဝင်များ၏ အားလပ်ချိန်များကို တန်ဖိုးရှိရှိ အသုံးချနိုင်ရန်နှင့် အစီအစဉ်ကောင်းများကို လက်မလွတ်စေရန်အတွက် TV Guide ရုပ်မြင်သံကြားလမ်းညွှန်ကို Novel Light Express ဖုန်း-၃၉၁၁၈၆၊ ၂၄၃၈၉၃ ဖြန့်ချိရေးမှ ဖြန့်ချိလိုက်ပြီဖြစ်ရာ အပတ်စဉ်သောကြာနေ့တိုင်း စောင့်မျှော်ဖတ်ရှုနိုင်ပြီဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ကွန်ပျူတာပညာရှင်အသင်း ဟောပြောပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၁

သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းက ကြီးမှူး၍ Wireless Network နည်းပညာ၏ အခြေခံလုပ်ဆောင်ချက်များ၊ Wifi Device, Wimax နည်းပညာများ၏ Standard များ၊ Wifi Security ဆောင်ရွက်ချက်များကို မြှင့်တင်နားလည်စေရန် ရည်ရွယ်၍ မတ် ၁၃ရက် (စနေနေ့) မွန်းလွဲ ၁နာရီမှ ညနေ ၃နာရီအထိ ရန်ကုန်မြို့ လှိုင်မြို့နယ် မြန်မာအင်ဖိုတက်ခ်ပင်မဆောင်ရှိ အခန်း ၂၀၅တွင် မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်း အလုပ်အမှုဆောင် BizNet Network Solutions မှ ဦးဇော်ဝင်းထွန်းက Understanding On Wireless LAN(WLAN) Features ခေါင်းစဉ်ဖြင့် ရှင်းလင်းဟောပြောမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ဆွေးနွေးဟောပြောပွဲသို့ ကွန်ပျူတာပညာရှင်အသင်းဝင်များ၊ Wireless ကို စိတ်ဝင်စားသူများ၊ SOHO(home) Wireless ကိုယ်တိုင်ဖန်တီးလိုသူများ၊ Networking အခြေခံရှိပြီး Wifi ကို လေ့လာသူကျောင်းသားများ၊ ဌာနဆိုင်ရာများ၊ Company များမှ Wifi ကွန်ရက်စိတ်ဝင်စားသူများနှင့် စိတ်ပါဝင်စားသူ မည်သူမဆို (အခမဲ့)တက်ရောက်ဆွေးနွေးနိုင်သည်။ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာပညာရှင်အသင်းရုံးခန်း အဆောင် ၄ အခန်း ၄ ဖုန်း-၆၅၂၂၇၆သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ ***(သတင်းစဉ်)***

မြန်မာ့ရုပ်မြင်သံကြား

၁၂-၃-၂၀၁၀ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၂၅	၂။	ကျန်းမာဖို့အတူကစားစို့
၇:၃၀	၃။	နံနက်ခင်းသတင်း
၇:၄၀	၄။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇:၅၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။	အကပြိုင်ပွဲ
၈:၁၀	၇။	ကြေးမုံရိပ်သွင်တေးနုယဉ်
၈:၂၀	၈။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၈:၄၀	၉။	International News
၈:၄၅	၁၀။	တေးဂီတအစီအစဉ်
၉:၀၀	၁၁။	အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄:၁၀	၂။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၄:၂၀	၃။	နှောင်းခေတ်တေးပဒေသာ
၄:၃၀	၄။	မြန်မာစာ၊ မြန်မာစကား
၄:၄၀	၅။	တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲ ဆုရတေးများ
၄:၅၅	၆။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၅:၁၀	၇။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅:၁၅	၈။	ဒုတိယအကြိမ်သစ်သီးဝလံ ဟင်းသီးဟင်းရွက်နှင့် ပန်းမန် ပြပွဲပြိုင်ပွဲ (ရခိုင်ပြည်နယ်)
၅:၂၅	၉။	(၆၅)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
၅:၃၅	၁၀။	ပဉ္စလက်ကျောင်းတော်
၆:၀၀	၁၁။	ညနေခင်းသတင်း
၆:၁၅	၁၂။	မိုးလေဝသအခြေအနေ
၆:၂၀	၁၃။	ရသစုံလင် အင်တာနက်ဥယျာဉ်
၇:၀၀	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှောင်ဖွဲ့မေတ္တာ** (အပိုင်း-၁၈)
၈:၀၀	၁၅။	ပြည်တွင်းသတင်း
	၁၆။	နိုင်ငံတကာသတင်းများ
	၁၇။	မိုးလေဝသအခြေအနေ
	၁၈။	နိုင်ငံခြားဇာတ်လမ်းတွဲ **နှင်းဆီရောင်ဘဝ** (အပိုင်း-၁)
	၁၉။	သီချင်းချစ်သူ (စိုးပိုင်)
	၂၀။	အစီအစဉ်ပြီး၏။

တိုင်းရင်းသားများအားလုံး ပြည်ထောင်စုကြီးအတွင်း အတူတကွ စုပေါင်းနေထိုင်ကြ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူ

ထိုသို့ တွေ့ဆုံရာတွင် ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဒေသနှင့် ကိုက်ညီသည့် ဈေးကွက်ဝင်သီးနှံများကို စီးပွားဖြစ်စိုက်ပျိုးရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က နမ့်ခမ်း-ဗန်းမော် ကတ္တရာလမ်းကို ဖောက်လုပ်ပေးထားခြင်းကြောင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကချင်ပြည်နယ်တို့ လွယ်ကူချောမွေ့စွာ ကူးသန်းသွားလာနိုင်ပြီဖြစ်၍ လမ်းများ ရေရှည်ကောင်းမွန်နေရေးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ပေးရန် ရှင်းလင်းပြောကြားသည်။

အမှာစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မူဆယ်မြို့ ရွှေလီရတနာရိပ်သာ၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

** ရှေ့ဖုံးမှ*

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကွတ်ခိုင်တပ်နယ် လှိုင်ဆမ်ဆစ်ရိပ်သာ၌ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ရှင်းလင်းပြောကြား

ယင်းနောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နိုင်ငံတစ်ဝန်းရှိ နယ်မြေဒေသများ၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်ရေးအတွက် လမ်းများတိုးချဲ့ဖောက်လုပ်ခြင်းနှင့် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် ဝန်ကြီးချုပ်သည် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကွတ်ခိုင်မြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆရာဝန်၊ ဆရာမများအား တွေ့ဆုံ၍ ပြည်သူများ၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားရေးအတွက် ဆောင်ရွက်ရမည့် အခြေအနေများကို မှာကြားပြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေကြသော လူနာများအား အားပေးကာ စားသောက်ဖွယ်ရာများကို ပေးအပ်ကြသည်။

လှည့်လည်ကြည့်ရှု

ထိုမှတစ်ဆင့် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့ ဖွံ့ဖြိုးစည်ပင်နေမှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ကွတ်ခိုင်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာကြရာ နံနက် ၁၀နာရီ ၅၅မိနစ်တွင် မူဆယ်ခရိုင် နမ့်ခမ်းမြို့သို့ ရောက်ရှိကြသည်။

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမင်းထိန်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများက ကြိုဆိုကြသည်။

ဒေသခံများနှင့်တွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နမ့်ခမ်းမြို့ ကျားဖြူခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

ပူးပေါင်းဆောင်ရွက်

ဆက်လက်၍ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နမ့်ခမ်းမြို့နယ်၏ လက်ရှိတည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆက်လက်တိုးတက်ခိုင်မာအောင် ဌာနဆိုင်ရာများ၊ ပြည်သူများ ပူးပေါင်းဆောင်ရွက်ရမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် နမ့်ခမ်းမြို့ ဖွံ့ဖြိုးတိုးတက်မှုကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး နမ့်ခမ်းမြို့မှ တစ်ဆင့် ရဟတ်ယာဉ်များဖြင့် မူဆယ်မြို့သို့ ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မူဆယ်မြို့၌ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



နမ့်ခမ်းမြို့

နမ့်ခမ်းမြို့မြင်ကွင်းကို ဝေဟင်မှ တွေ့မြင်ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစန်းလွင်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မူဆယ်မြို့ ရွှေလီရတနာရိပ်သာ၌ ဌာနဆိုင်ရာများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ဂါရဝပြုပေးအပ်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် တိုင်းမှူးတို့အား မြို့မိမြို့ဖတစ်ဦးဖြစ်သူ ဦးကိန်မိုင်က တိုင်းရင်းသားရိုးရာပစ္စည်းများကို ဂါရဝပြုပေးအပ်သည်။

စာမျက်နှာ ၈ ကော်လံ ၁သို့

12-3 (07).pmd 1 3/12/2010, 2:33 AM

ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုတွင် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာဆိုင်ရာတက္ကသိုလ်များ တစ်ခုစီဖွင့်

အဆင့်မြင့်ပညာကို မိမိတို့ဒေသတွင်း၌ပင် ငွေကုန်ကြေးကျသက်သာစွာဖြင့် လွယ်ကူစွာသင်ယူနိုင်

စာမျက်နှာ ၇ မှ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို မြို့မိမြို့ဖများအား ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မူဆယ်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၂နာရီ ၅မိနစ်တွင် လားရှိုးခရိုင် သိန်းနီမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး ညွန့်ဆွေ၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နယ်မြေခံတပ်နယ် ဘုရင့်နောင်ခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား အဝတ်အထည်နှင့်ဆေးဝါးပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သိန်းနီမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာလာကြရာ ညနေပိုင်းတွင် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

လူနာများအား အားပေးစကားပြောကြား

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ကွတ်ခိုင်မြို့နယ် ပြည်သူ့ဆေးရုံတွင် ဆေးဝါးကုသမှုခံယူနေသော လူနာများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

တက်ရောက်

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းတွင် လားရှိုးမြို့၌ ကျင်းပသည့် ကွန်ပျူတာတက္ကသိုလ်(လားရှိုး) ပင်မသုံးထပ်စာသင်ဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြပြီးနောက် ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့မှ ထွက်ခွာလာရာ နံနက် ၁၀နာရီခွဲတွင် ကျောက်မဲခရိုင် သီပေါမြို့သို့ ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ်စံမြင့်ဦးနှင့် တပ်မတော်အရာရှိကြီးများ၊ ကျောက်မဲခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဖြည့်ဆည်းမှာကြား

ထို့နောက် ဝန်ကြီးချုပ်သည် သီပေါမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိ၍ ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား ဒေသတွင်း၌ အဖြစ်များသော ရောဂါများဖြစ်ပွားမှု အခြေအနေနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကို မေးမြန်းပြီး လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

ယင်းနောက် ဆေးရုံတိုးချဲ့ခွဲစိတ်ကုသဆောင်ဧည့်ခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ပေးထားသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ ဒေသဖွံ့ဖြိုးရေးတွင် ပညာရည်မြင့်မားသူများရှိရန် လိုအပ်သဖြင့် ကလေးများ၏ ပညာရေးကို အားပေးဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ မြို့မိမြို့ဖများအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်သည်။

ပွန်တွန်းတံတားစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် သီပေါမြို့အနီး၌ အေးရှားဝေါလ်ကုမ္ပဏီလီမိတက်က တာဝန်ယူတည်ဆောက်လျက်ရှိသည့် ဒုဋ္ဌဝတီ မြစ်ကူးသံကူကွန်ကရစ်တံတား တည်ဆောက်နေမှုနှင့် ပွန်တွန်းတံတား တည်ဆောက်ထားမှုတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သီပေါမြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၁၂နာရီ မိနစ် ၄၀တွင် လားရှိုးခရိုင် မိုင်းရယ်မြို့သို့ ရောက်ရှိကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးကြည်မြင့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နယ်မြေခံတပ်ရင်းခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော်မှ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို စီမံဆောင်ရွက်ပေးထားပြီးဖြစ်၍ ယင်းအခြေခံကောင်းများကို အကျိုးရှိစွာအသုံးချပြီး မိမိတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးစားဆောင်ရွက်ကြရန်နှင့်စပ်လျဉ်း၍လည်းကောင်း၊ စာရင်းစစ်ချုပ်က တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးစွာနေထိုင်ရေး၊ ရရှိပြီးဖြစ်သည့် နယ်မြေဒေသလုံခြုံမှု၊ အေးချမ်းသာယာမှုတို့ကို ဆက်လက်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မိုင်းရယ်မြို့မှ ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မွန်းလွဲ ၂နာရီ ၅မိနစ်တွင် လားရှိုးခရိုင် တန့်ယန်းမြို့သို့ ရောက်ရှိကြသည်။

ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များအား နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးခိုင်ဇော်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နယ်မြေခံတပ်ရင်း ရန်အောင်မြင်ရိပ်သာ ဧည့်ခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

စုပေါင်းနေထိုင်

ဆက်လက်၍ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက နိုင်ငံတော်က ဆောင်ရွက်ပေးထားသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍လည်းကောင်း၊ စာရင်းစစ်ချုပ်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးကြောင်း၊ တိုင်းရင်းသားများအားလုံး ပြည်ထောင်စုကြီးအတွင်း၌ စုပေါင်းနေထိုင်ကြသည်ဖြစ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်အောင် မိမိတို့ကျရာ အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်တို့နှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား အဝတ်အထည်များနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ တန့်ယန်းမြို့မှ ရဟတ်ယာဉ်များဖြင့် လားရှိုးမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့မှ ညနေပိုင်းတွင် လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ ညနေ ၅နာရီ မိနစ်၂၀တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။

ချမှတ်ဖော်ဆောင်

နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များသို့ သွားရောက်၍ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့်



တန့်ယန်းမြို့

တန့်ယန်းမြို့ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိ[န်] ...
များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား အ...
ပစ္စည်းများကို ပေးအပ်စဉ်။

ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကား...
(မြောက်ပိုင်း)သည် တစ်ချိန်က တည်ငြိမ်အေးချမ်းမှ...
လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုရှိပြီဖြစ်၍ တရားဥပ...
ဆောင်ရွက်သွားရမည့် အခြေအနေ၊ နယ်မြေဒေ...
ရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်နိုင်မှု၊ ...
ဒေသများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ...
ဆက်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးအပါ...
အဆောက်အအုံများ တည်ဆောက်ပေးထားမှု၊ မိမိ...

ိုင်ရာတက္ကသိုလ်များ တစ်ခုစီဖွင့်လှစ်ပေးထား

်သာစွာဖြင့် လွယ်ကူစွာသင်ယူနိုင်

ဒေသခံပြည်သူများအား နှုတ်ဆက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သီပေါမြို့နယ် ပြည်သူ့ဆေးရုံ တိုးချဲ့ခွဲစိတ်ကုသဆောင် ဧည့်ခန်းမ၌ မြို့နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

★ နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်။

★ ယခုရှိပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် မိုင်းရယ်မြို့၌ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် သိန်းနီမြို့၌ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များအား အဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

ဇာတများရှိပြီးဖြစ်၍ ယင်းတို့ကို နိုင်ငံတော်အကျိုး ဖြစ်ထွန်းရေးအတွက် ထုတ်ယူသုံးစွဲနိုင်ရန် အသိပညာ၊ အတတ်ပညာဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ လိုအပ်မှု၊ အဆိုပါ အသိပညာရှင်၊ အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် နိုင်ငံတော်မှ အခြေခံပညာကဏ္ဍနှင့် အဆင့်မြင့်ပညာကဏ္ဍများ ပညာရည်အဆင့်မြင့်မားရေးအတွက် အမျိုးသားပညာရေးရည်မှန်းချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်မှု၊ ဖွံ့ဖြိုးရေးဒေသကြီး(၂၄)ခုတွင် အသိပညာ၊ အတတ်ပညာနှင့် နည်းပညာဆိုင်ရာတက္ကသိုလ်များ တစ်ခုစီ ဖွင့်လှစ်ပေးထားခြင်းကြောင့် အဆင့်မြင့်ပညာကို မိမိတို့ဒေသတွင်း၌ပင် ငွေကုန်ကြေးကျသက်သာစွာဖြင့် လွယ်ကူစွာသင်ယူနိုင်မှု၊ ကျန်းမာကြံ့ခိုင်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖြစ်ထွန်းရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်မြင့်မားစေရန် ဆေးရုံ၊ ဆေးခန်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးပြီး အထူးကုဆရာဝန်များကိုပါ ဖြည့်ဆည်းဆောင်ရွက်ပေးထားမှု၊ တိုင်းရင်းသားများအားလုံး ပြည်ထောင်စုကြီးအတွင်း၌ အတူတကွ စုပေါင်းနေထိုင်ကြသည်ဖြစ်၍ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ထားရှိ မွေးမြူသွားရေး၊ နိုင်ငံတော်၏ အမျိုးသားရေး မူဝါဒဖြစ်သော ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ရေး၊ နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရန်အတွက် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်၍ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ပဉ္စမ

ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားရာ၌ ရှမ်းပြည်နယ် (မြောက်ပိုင်း)သည် တစ်ချိန်က တည်ငြိမ်အေးချမ်းမှု မရှိခဲ့သော်လည်း ယခုအခါ လုံခြုံမှု၊ တည်ငြိမ်အေးချမ်းမှုရှိပြီဖြစ်၍ တရားဥပဒေစိုးမိုးရေးကို ဆက်လက်ဆောင်ရွက်သွားရမည့် အခြေအနေ၊ နယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုများ ဆောင်ရွက်နိုင်မှု၊ နိုင်ငံတော်အစိုးရက နယ်မြေဒေသများ မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေးနှင့် ကျန်းမာရေးအပါအဝင် ကဏ္ဍစုံတွင် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးထားမှု၊ မိမိတို့နိုင်ငံတွင် သဘာဝ သယံ အဆင့်ဖြစ်သည့် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပပေးရန်လိုအပ်သော ဥပဒေများ ထုတ်ပြန်ကာ ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နိုင်ငံတော်က တည်ဆောက်ပေးထားသည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အကျိုးရှိစွာ အသုံးချပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူတိုင်း အလုပ်ကိုကြိုးစားလုပ်ကိုင်ကြရေး၊ ယခုရှိပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ထိန်းသိမ်းစောင့်ရှောက်ပြီး အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်ရန် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေး၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူရေး၊ နိုင်ငံတော် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်တို့ အတူတကွ တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။ (သတင်းစဉ်)

မူဆယ်မြို့

မူဆယ်မြို့ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံတောင်ပိုင်းဒေသများ၌ မိုးထစ်ချုန်းရွာဖွယ်

ရန်ကုန် မတ် ၁၁

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်ဒေသများတွင် အများအားဖြင့်သာယာခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်၊ မန္တလေးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ထက် ၅ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ဝဒသမ ၁၁လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မတ်လ ၁၂ရက် ညနေအထိခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှ လေပြင်းများတိုက်ခတ်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ လေပြင်းတိုက်ခတ်စဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

အားလုံးအတွက် သန့်ရှင်းရေး

ယမန်နေ့မှအဆက်

ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် အန္တရာယ်ကင်းသော ရေရရှိရေးသည် တိုင်းပြည်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအရေးကြီးသော အခန်းကဏ္ဍ ဖြစ်ပေသည်။ မြန်မာနိုင်ငံသည် ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး နှင့်ပတ်သက်၍ ကမ္ဘာ့ရည်မှန်းချက်ကို ပြည့်မီရန် အရှိန်အဟုန်မြှင့်ဆောင်ရွက် ခဲ့ပါသည်။ ၁၉၈၂ခုနှစ်တွင် ရှေ့ပြေး ပတ်ဝန်းကျင်သန့်ရှင်းရေး စီမံချက်အရ မြို့နယ် ၁၃ မြို့နယ်တွင် သန့်ရှင်းသော အိမ်သာဆောက်လုပ်နိုင်ရန် ပလတ်စတစ် အိမ်သာခွက်များနှင့် အပိုပစ္စည်းများကို UNICEF က ၁၉၉၅ ခုနှစ်အထိ အခမဲ့ဝေငှခဲ့ပါသည်။ ယင်းအစီအစဉ်ကို ဆက်လက်ထိန်းသိမ်းနိုင်ရန်အတွက် ဒေသတွင်း ရရှိနိုင်သည့် ဝါး၊ ဓနိ စသည့်ပစ္စည်းများကို သုံးစွဲ၍လည်း သန့်ရှင်း သော အိမ်သာဆောက်လုပ်စေခဲ့ပြီး ပလတ်စတစ်အိမ်သာခွက်များကို ပြည်တွင်း ၌ထုတ်လုပ်၍ တစ်နိုင်ငံလုံးကျယ်ပြန့်စွာ သုံးစွဲလာခဲ့ပါသည်။ ပြည်သူလူထု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် စစ်ကိုင်းတိုင်း "အရာတော်" မြို့နယ်သည် နှစ်နှစ်မှ သုံးနှစ်အတွင်း ၁၀၀ရာခိုင်နှုန်း အောင်မြင်မှုရရှိခဲ့ပြီး ပြည်သူလူထုပူးပေါင်း ဆောင်ရွက်မှုနှင့် ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းမှုတို့အတွက် ဂျပန်နိုင်ငံ (ဆာဆာ ကဝါ) အဖွဲ့က ပေးသောဆုကို ဆွတ်ခူးရရှိခဲ့ပါသည်။

မြန်မာနိုင်ငံတွင် အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်ကို ၁၉၉၈ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် အစိုးရဝန်ကြီးဌာနပေါင်းစုံမှ ပါဝင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဗျူရို၊ မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ယူနီဆက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ စသည်တို့ ပူးပေါင်းဆောင်ရွက်ခဲ့ပြီး လုပ်ငန်းတာဝန်များ ခွဲဝေဆောင်ရွက်ခဲ့ပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေး သည် ၁၉၉၇ ခုနှစ်တွင် ၄၅ရာခိုင်နှုန်း၊ ၂၀၀၃ခုနှစ်တွင် အမြင့်ဆုံး **၉၀ဒသမ ၃ရာခိုင်နှုန်းရှိခဲ့ပြီး** ၂၀၀၈ ခုနှစ်တွင် ၈၂ ဒသမ ၀၂ရာခိုင်နှုန်း ရှိခဲ့ပါသည်။ ၁၉၇၈ခုနှစ် ပြည်သူတို့၏ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် မြန်မာ နိုင်ငံ၏ ရေ၊ ပတ်ဝန်းကျင်သန့်ရှင်းရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး ငါးနှစ်စီမံ ကိန်း ၂၀၀၇- ၂၀၁၁ ရေးဆွဲအကောင်အထည် ဖော်ဆောင်လျက်ရှိပြီး ၂၀၁၅ ခုနှစ်တွင် သန့်ရှင်းသော သောက်သုံးရေ မရရှိသူ မရှိစေရေးအတွက် ရည်မှန်း ဆောင်ရွက်ခဲ့ပါသည်။

ကမ္ဘာ့လူဦးရေ၏ သန်း ၁၂၀၀သော ပြည်သူလူထုတို့သည် ကျေးရွာများ တွင် နေထိုင်ကြပြီး အကာအကွယ်မဲ့ အညစ်အကြေးစွန့်ပစ်ခြင်း (open defecation) ကို ပြုလုပ်ကြပါသည်။ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် သန့်ရှင်းစွာ အညစ်အကြေးစွန့်ပစ်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး စသည်တို့သည် အခြေခံ လိုအပ်ချက်များဖြစ်သည့် အားလျော်စွာ ပြည်သူလူထုဦးဆောင်မှုဖြင့် အကာ အကွယ်မဲ့ အညစ်အကြေးစွန့်ခြင်း (open defecation) ကို လုံးဝကင်းစင် ပပျောက်စေရန် ဆောင်ရွက်ခဲ့ပါသည်။

ကျေးရွာများတွင် အမူအကျင့် အလေ့အထများကို ပြောင်းလဲစေပြီး အကာအကွယ်မဲ့ အညစ်အကြေးစွန့်ခြင်း ကင်းစင်သည့် ကျေးရွာများအဖြစ် ဆောင်ရွက်စေခဲ့ရာ မြန်မာနိုင်ငံတွင် အကာအကွယ်မဲ့ အညစ်အကြေးစွန့်နှုန်း သည် ကျနပ်ဖွယ်ရာ ကျဆင်းခဲ့ပါသည်။ (၁၉၉၀ခုနှစ်တွင် ၂၂ရာခိုင်နှုန်းရှိခဲ့ ရာမှ ၂၀၀၈ခုနှစ်တွင် ၁ ရာခိုင်နှုန်းသာ ရှိတော့သည်)။ ထို့အပြင် မြန်မာနိုင်ငံ သည် ကျေးလက်ဒေသများ၌ ပတ်ဝန်းကျင်သန့်ရှင်းရေးတိုးတက်မှုတွင် လူထု ပူးပေါင်းပါဝင်မှု အများဆုံး နိုင်ငံဖြစ်ပြီး ၆၈ရာခိုင်နှုန်းရှိခဲ့သည်။ ၁၉၉၀- ၂၀၀၆ သောက်သုံးရေရှားပါးသော ကျေးရွာများတွင် ပြည်သူလူထုအတွင်း ရေမရရှိသူ မရှိစေရေးအတွက် တတိယအကြိမ် အချိန်တို ငါးနှစ်စီမံကိန်း ၂၀၀၁-၂၀၀၂ မှ ၂၀၀၅-၂၀၀၆ကို ဆောင်ရွက်ခဲ့ပါသည်။

စီမံကိန်းမစမီအကြိုစစ်တမ်းများအရ ကျေးရွာ ၅၂၀၁၀အနက် ၂၈၇၈၅ရွာ သည် အန္တရာယ်ကင်းသန့်ရှင်းသော သောက်သုံးရေရရှိပြီး ကျေးရွာ၂၃၂၂၅ရွာ သည် ထိုသို့ မရရှိသေးကြောင်း သိရှိရသည်။

ကျေးရွာ ၅၂၂၂၅ရွာအနက်မှ ကျေးရွာ ၈၇၆ရွာတွင်ရေမရရှိခြင်း၊ ကျေးရွာ ၉၁၆၆ရွာတွင် ရေလုံလောက်စွာမရရှိခြင်းနှင့် ကျေးရွာ ၁၃၁၈၀တွင် အန္တရာယ် ကင်းသော သောက်သုံးရေမရရှိခြင်းတို့ကို ၂၀၀၁-၂၀၀၂ မှ ၂၀၀၅-၂၀၀၆ တွင် ရရှိစေခဲ့ပြီး ကျေးရွာ ၁၁၆၄၄ရွာတွင် အန္တရာယ်ကင်းသော သောက်သုံးရေ ရရှိစေရန် ရည်မှန်းခဲ့သည်။ မြို့ပြရေရရှိရေးစီမံကိန်းကိုလည်း ရန်ကုန်နှင့် မန္တလေးတွင် ဆောင်ရွက်ခဲ့သည်။ ၄င်းဒေသများအတွက် ဂျိုးဖြူ၊ ဖူးကြီးနှင့် လှော်ကား ရေလှောင်တမံများမှ လည်းကောင်း၊ အဝီစိတွင်းများမှ လည်း ကောင်း သောက်သုံးရေ ရရှိစေခဲ့ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနကလည်း ရေ၏အရည်အသွေးကို စောင့်ကြပ် ကြည့်ရှုသည့် စီမံကိန်းကိုဆောင်ရွက်ခဲ့သည်။ အန္တရာယ်ကင်းသော သောက်သုံး ရေ ရရှိသည့် လူဦးရေရာခိုင်နှုန်းသည် ၂၀၁၅ ခုနှစ်၏ ရည်မှန်းချက် ၆၆ ရာခိုင်နှုန်းကို ကျော်လွန်၍ ၇၂ ရာခိုင်နှုန်းအထိ ရရှိခဲ့သည်။

ရေ၏အရည်အသွေးကိုမူ ရေစစ်အဖြစ်အသုံးပြုနိုင်သော သဲ၊ ကျောက် စရစ်၊ ကျောက်မီးသွေးနှင့် အုန်းဆံများကိုအသုံးပြုပြီး သောက်သုံးရေကို သန့်စင်စေခဲ့ပါသည်။ ယင်းတို့၏ ဗက်တီးရီးယားပိုးမွှားများ ပယ်ရှားနိုင်နှုန်း သည် ၇၀ရာခိုင်နှုန်းရှိပြီး သံဓာတ်ဖယ်ရှားနိုင်နှုန်းသည် ၉၀ရာခိုင်နှုန်းရှိကြောင်း သိရှိရပါသည်။

ပါမောက္ခဒေါက်တာပိုင်စိုး

မြန်မာနိုင်ငံတွင် ရေအရည်အသွေးထိန်းချုပ်မှုကို ကျန်းမာရေးဝန်ကြီးဌာန အောက်ရှိ ပတ်ဝန်းကျင်သန့်ရှင်းရေးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အပြည်ပြည် ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။ သောက်ရေသန့်ပုလင်းများ၏ အရည်အသွေးကို အစားအသောက် နှင့် ဆေးဝါးကွပ်ကဲရေးဌာန၊ အမျိုးသားကျန်းမာရေးဓာတ်ခွဲခန်းတို့က ကြီးကြပ်စစ်ဆေး ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းကျန်းမာရေးသည် ကလေးငယ်များအတွက် တစ်ကိုယ်ရေ သန့်ရှင်းမှု အမူအကျင့်များပြောင်းလဲမှုအတွက် အရေးအကြီးဆုံးကဏ္ဍတစ်ခု ဖြစ်ပြီး မြန်မာနိုင်ငံ၏ မူလတန်းနှင့် အလယ်တန်းသင်ရိုးညွှန်းတမ်းများတွင် ၄င်းဘာသာရပ်ကို ထည့်သွင်းသင်ကြားခဲ့သည်။ ထိုကလေးများမှတစ်ဆင့် မိသားစုအတွင်း ၄င်းတို့၏သောက်သုံးရေ၊ ပတ်ဝန်းကျင်နှင့် တစ်ကိုယ်ရေ သန့်ရှင်းမှုအတွက် ထိရောက်သော ပြောင်းလဲမှုများ ဖြစ်စေခဲ့သည်။ လက်ကို ဆပ်ပြာနှင့် နည်းလမ်းတကျဆေးကြောခြင်းဖြင့် ဗက်တီးရီးယားပိုးနှင့် ဗိုင်း ရပ်စ်ပိုးများ ခန္ဓာကိုယ်တွင်း ဝင်ရောက်မှုကို ကာကွယ်နိုင်စွမ်းရှိပါသည်။

သို့ဖြစ်၍ လက်ကို စနစ်တကျ နည်းလမ်းမှန်ကန်စွာ ဆေးကြောခြင်းသည် အရေးကြီးကြောင်း ကျောင်းများတွင်သင်ကြားပြသခဲ့ပါသည်။ ကျောင်းကျန်းမာ ရေးပညာဌာန၏ ပါဝင်ဆောင်ရွက်မှုဖြင့် ယခုအခါ ၈၀ရာခိုင်နှုန်းသော ကျောင်း များတွင် သန့်ရှင်းသော သောက်သုံးရေရှိပြီး ၇၇ ဒသမ ၄ရာခိုင်နှုန်းမှာ လုံလောက်သော သန့်ရှင်းမှု ရရှိကြပါသည်။

မြန်မာနိုင်ငံ၏ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက် (MDG-Millennium Development Goals) မှာ ၂၀၁၅ခုနှစ်တွင် လူဦးရေ၏ ၆၅ရာခိုင်နှုန်း သန့်စင်သော ရေရရှိရမည်ဖြစ်ပါသည်။ ယခုအခါ စီမံချက်များ အကောင် အထည်ဖော် လုပ်ဆောင်ချက်အရ ၂၀၁၀ခုနှစ်တွင် ၉၀ရာခိုင်နှုန်းလွှမ်းခြုံမည် ဖြစ်၍ ၂၀၁၅ခုနှစ်အတွက် ထောင်စုနှစ်ဖွံ့ဖြိုးရေးရည်မှန်းချက်ကို ပြည့်မီမည် ဖြစ်သည်။ ဤစီမံကိန်းများ အောင်မြင်ရန် စေတနာရှင်ပြည်သူများ၊ နိုင်ငံတော်အာဏာပိုင်အဖွဲ့အစည်းများ၊ နိုင်ငံတကာနှင့်ကုလသမဂ္ဂ အဖွဲ့အစည်း များမှပူးပေါင်း၍ ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ပါသည်။

ဤစီမံကိန်းများတွင် နိုင်ငံတော်ကဦးဆောင်မှုပေး၍ ငွေကြေးအမြောက် အမြားသုံးစွဲခြင်း၊ စေတနာရှင်ပြည်သူများပါဝင်လှူဒါန်းခြင်း၊ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်း၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့ အစည်းများက ကူညီဆောင်ရွက်ခြင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းနှင့် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများက ထောက်ပံ့ကူညီပေးခြင်းတို့ကြောင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ထို့ပြင် အမျိုးသားသန့်ရှင်း ရေးရက်သတ္တပတ်ကို ၁၉၉၈ခုနှစ်မှစ၍ ၂၀၀၉ခုနှစ်အထိ (၁၁)ကြိမ်တိုင်တိုင် ကျင်းပခြင်းဖြင့် သန့်ရှင်းလွှမ်းခြုံမှုကို အထူးတိုးတက်စေနိုင်ခဲ့ပါသည်။ ပြည်သူ လူထုအနေဖြင့် ယင်လုံအိမ်သာစီမံကိန်းနှင့် သန့်ရှင်းသော အိမ်သာတည်ဆောက် အသုံးပြုရေးသည် အရေးပါကြောင်း သိရှိလက်ခံလာပြီး ဝမ်းပျက်၊ ဝမ်းလျှော ရောဂါနှင့်ဆက်စပ်မှုကို သတိပြုမိလာကြပါသည်။

ပြည်သူလူထုအတွင်း ခြင်နှင့်ယင်ကောင်မှ သယ်ဆောင်သောရောဂါများ၊ ရေနှင့် အစားအသောက်မသန့်ရှင်းမှုကြောင့် ဖြစ်ပွားသော ရောဂါများမှာ အဖြစ်အများဆုံးသော ရောဂါများဖြစ်ပြီး ၄င်းရောဂါများကြောင့် ဆေးရုံသို့တက် ရောက်ကုသမှုခံယူရသူများမှာ **ရောဂါအားလုံး၏ တစ်ဝက်ကျော်ရှိပေသည်။** ဤသို့ ဆေးရုံတက်ရောက်ကုသရသည့်အတွက် ကျန်းမာရေးကုန်ကျစရိတ်လည်း ပိုမိုများပြားလာပြီး လူနာများမှာလည်း စီးပွားရေး၊ လူမှုရေးအခက်အခဲများနှင့် ရင်ဆိုင်နေရပါသည်။

သို့ဖြစ်၍ ကုန်ကျစရိတ်မများ၊ လူလည်းမပင်ပန်းဘဲ သက်သက်သာသာ နှင့် လွယ်လွယ်ကူကူဆောင်ရွက်နိုင်သော တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် သန့်(၄)သန့်ကို လိုက်နာဆောင်ရွက်ခြင်းဖြင့် အထက်တွင်ဖော်ပြခဲ့သော အခက်အခဲ များကို ဖြေရှင်းနိုင်ပါမည်။ ထို့ပြင် သာဓကအနေဖြင့် ယခင်ကအညာဒေသတွင် အဖြစ်များခဲ့သော မျက်ခမ်းစပ်ရောဂါမှာ သန့်(၄)သန့်စီမံချက်ကြောင့် ပပျောက် သွားကြောင်းတွေ့ရှိခဲ့ရပါသည်။ **သန့်(၄)သန့်ကို မလိုက်နာခဲ့သဖြင့် ဖြစ်ပွား သော ရောဂါများကြောင့် အများဆုံးသေဆုံးရသော မွေးကင်းစကလေးများနှင့် အသက်ငါးနှစ်အောက် ကလေးသေနှုန်းအား သန့်(၄)သန့်ကိုထိရောက်စွာ လိုက်နာဆောင်ရွက်ခြင်းဖြင့် သိသိသာသာလျော့နည်းစေမည်ဖြစ်ပါသည်။** အားလုံးအတွက်သန့်ရှင်းရေးသည် အထူးအရေးကြီးပြီး ပြည်သူလူထုတစ်ဦး ချင်းစီ ပူးပေါင်းပါဝင်မှသာလျှင် အောင်မြင်မှုရရှိမည်ဖြစ်ပေသည်။ ထို့ကြောင့် ပြည်သူလူထုဦးဆောင်သော အလုံးစုံသန့်ရှင်းမှုမှတစ်ဆင့် အမျိုးသားကျန်းမာ ရေးစီမံချက်တွင် လမ်းညွှန်ချမှတ်ခဲ့သည့် အားလုံးအတွက်သန့်ရှင်းရေး ၂၀၁၀ ခုနှစ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း အသိပေး ရေးသားတင်ပြလိုက်ရပါသည်။ ။

ကလေးဝမြို့ ဂဇက်-အင်ဒုတ်- သရက်တော ကားလိုင်း ဖွင့်ပွဲကျင်းပ

ကလေးဝ မတ် ၁၁

ကလေးဝမြို့နယ်တွင် ကျေးရွာချင်းဆက် ဂဇက်-အင်ဒုတ်- သရက်တောလမ်း၌ ကားလိုင်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၃ရက်ကကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကြည်ဝင်းက လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ကောင်းမွန်ရခြင်း၏ အကျိုးကျေးဇူးများကိုပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ ဦးချစ်သန်းက ကားလမ်းနှင့်ပတ်သက်၍ အလှူရှင်များအား ဂုဏ်ပြုစကားပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်အောင်၊ မြို့နယ်ကျေးလက်လမ်းဖောက်လုပ်ရေး ကော်မတီအဖွဲ့ဝင် ဦးတင်မောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖေဖော်ဝါရီ ၁၂ရက်က (၆၃)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း၊ မူလတန်း အဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမဆု ရရှိသော အထက မြဝတီမှ မဝင်းပပလှိုင်အား ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ဆုချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အလင်း အမြို့မြို့အနယ်နယ် လိုတိုရှင်းသတင်းများ

ရန်ကုန် မတ် ၁၁

ဖန်းမော်၌တိုင်းရင်းဆေးဖြင့် ကွင်းဆင်းဆေးကုသ

ဖန်းမော်ခရိုင် တိုင်းရင်းဆေးပညာဦးစီးဌာနမှ ခရိုင်တိုင်းရင်းဆေးမှူး ဦးသန်းညွှန့်သည် မြို့နယ်တိုင်းရင်းဆေးမှူးနှင့် ဝန်ထမ်းများလိုက်ပါ၍ ဖေဖော်ဝါရီ ၂၀ရက်က မံမလင်းကျေးရွာသို့ ကွင်းဆင်းပြီး ကျေးရွာပြည်သူများကို တိုင်းရင်းဆေးပညာ အကြောင်း သိကောင်းစရာများဟောပြောပြီး ကျေးရွာပြည်သူ ၈ဉီးအား တိုင်းရင်းဆေး ဖြင့် တစ်နေ့တာအခမဲ့ဆေးကုသပေးသည်။ (ခရိုင် ပြန်/ဆက်)

ဟသ်ာတ၌ လက်နှိပ်တုံကင်တွင်းတူးဖော်

ဟသ်ာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ဘဏ္ဍာရေးနှစ် ကျေးလက်ရေပေးရေး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျေးရွာ ၁၂ရွာတွင် တစ်လက်မခွဲ လက်နှိပ်တုံကင်တွင်း ၁၃တွင်း တူးဖော်ခြင်းကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးလှနိုင် ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၅ရက်က ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို အင်ဂျင်နီယာမှူး ဦးဌေးဝင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ **(မြို့နယ်စည်ပင်)**

မီးဘေးကြိုတင်ကာကွယ်ရေး ဖလမ်း၌ဆောင်ရွက်

ဖလမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် အဖွဲ့ပိုင်စည်ပင်ဈေးအတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ ရေမြောင်းများ သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မီးဘေး လုံခြုံရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံး၊ ရေအိတ် များချိတ်ဆွဲထားခြင်းများကို ဖေဖော်ဝါရီ ၂၇ရက်က အမှုဆောင်အရာရှိ ဦးထလာဟာရဲ ဦးဆောင်၍ အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ကြသည်။ (ခရိုင် ပြန်/ဆက်)

နေပြည်တော်ပျဉ်းမနားအထက(၁)၌ အာစရိယပူဇော်

(၁၆)ကြိမ်မြောက် ပညာရေးဝန်ထမ်းအငြိမ်းစား ဆရာကြီး ဆရာမကြီးများ အား ပူဇော်ကန်တော့ပွဲကို ဖေဖော်ဝါရီ ၂၆ရက်က နေပြည်တော်ပျဉ်းမနား အမှတ် (၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးစိုးလှိုင်က အမှာစကားပြောကြားပြီး ပူဇော်ကန်တော့ခံ အငြိမ်းစားဆရာကြီး ဆရာမကြီး ၁၅၇ဦး အား ပူဇော်ကန်တော့ကြသည်။ **(၀၈၄)**

အိုင်အိုဒင်းဆားရောင်းချမှု သာစည်၌စစ်ဆေး

သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း အိုင်အိုဒင်း ဆားရောင်းချမှု အခြေအနေကို ဖေဖော်ဝါရီ ၂၄ရက်က အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်တိုးနှင့် မြို့နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေး ကော်မတီဝင်များ ကြီးကြပ်စစ်ဆေး ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးသင်တန်းဖွင့်

ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ကြီးမှူး ဖွင့်လှစ်သည့် သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေး မွမ်းမံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မတ် ၂ရက်က ရမည်းသင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(၁၆၉)**

ဖားကန့်စည်ပင်သာယာ မြို့သာယာလှပရေးဆောင်ရွက်

ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဖားကန့်မြို့သာယာလှပစေရေး အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မတ်၁ရက်က ဒုတိယဦးစီးမှူး ဦးမျိုးသန့်စင် ဦးဆောင်သောဝန်ထမ်းများက စည်းလုံးခြင်းရပ်တုဝန်းကျင် သာယာလှပရေးအတွက် ပန်းအလှပင်များ ရွှေ့ပြောင်းစိုက်ပျိုးခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်ဆောင်ရွက်ပေးသည်။ (မြို့နယ်စည်ပင်)

ခင်ဦးမြို့နယ်၌ ဘောလုံးပြိုင်ပွဲ ဆုများချီးမြှင့်

ခင်ဦးမြို့နယ် ရွှေကူတဲစုကျေးရွာအလက၌ ဘောလုံးပြိုင်ပွဲဆုပေးပွဲကို ဖေဖော်ဝါရီ ၁၄ရက် ညနေ ၃နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်လွင်က အမှာစကားပြောကြားပြီး ပထမဆုရ ငါးယုံကြီးအသင်းကို ဆုပေးအပ်ချီးမြှင့်သည်။ **(၁၈၂)**

ရွှေကူ၌ ပန်းအလှပင်ပျိုးထောင်

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် နှင့်အဖွဲ့ ဖေဖော်ဝါရီ ၉ရက်က ရွှေကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ရောက်ရှိပြီး အဖွဲ့ပိုင်ပျိုးဥယျာဉ်တွင် ရာသီပန်းအလှပင်များပျိုးထောင်ထားမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးခင်အောင်နီက ရှင်းလင်းတင်ပြသည်။ ။ (မြို့နယ်စည်ပင်)

၂၀၁၀ MNL ပြိုင်ပွဲဝင် နေပြည်တော်အသင်း။ (မြန်မာ့အလင်း)

“စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား” ဆောင်ပုဒ်ဖြင့် မြန်မာ့ဘောလုံးတိုးတက်ရေး အထောက်အကူပြုရန်ထွက်ပေါ်လာသည့်အသင်းသစ် နေပြည်တော် F.C

သတင်းမှတ်စုနှင့် ဓာတ်ပုံမှတ်တမ်း - ဖိုးသော်ဇင် ➢ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

ရန်ကုန် မတ် ၁၁

ပြိုင်ပွဲဝင် အသင်းရှစ်သင်းဖြင့် စတင်ခဲ့သော မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲမှာ ယခု ၂၀၁၀ခုနှစ်တွင် အသင်းသုံးသင်း ထပ်မံတိုးလာပြီး စုစုပေါင်း ၁၁သင်းဖြင့် အကြိတ်အနယ်ရှိကာ မြိုင်မြိုင်ဆိုင်ဆိုင် ရှိလာပေတော့မည်ဖြစ်သည်။ ၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲကို မတ် ၁၃ရက်တွင် စတင်ကျင်းပတော့မည်ဖြစ်ပြီး တိုးပွားလာသော အသင်းများမှာ နေပြည်တော်ကိုယ်စားပြု နေပြည်တော် F.C၊ ကချင်ပြည်နယ်ကိုယ်စားပြု မနော်မြေ F.C နှင့် ကရင်ပြည်နယ်ကိုယ်စားပြု ဇွဲကပင်ယူနိုက်တက် F.C တို့ဖြစ်ကြသည်။

စွမ်းအားမွေးမြူ

နေပြည်တော် F.C ဘောလုံးအသင်းသည် နိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ဘောလုံးသမားများ မွေးထုတ်ပေးနိုင်ရန် မျိုးဆက်သစ် လူငယ်ကစားသမား အမှတ်တရဖြင့် ဖွဲ့စည်းတည်ထောင်ထားသော အသင်းဖြစ်သည်။ နေပြည်တော် F.C သည် ယခု ၂၀၁၀ခုနှစ် နှစ်ဆန်းပိုင်းတွင် ပေါ်ထွက်လာသည့် အသင်းတစ်သင်းဖြစ်ပြီး ACE ဆောက်လုပ်ရေးကုမ္ပဏီမှ တည်ထောင်ထားသည့် အသင်းဖြစ်သည်။ အသင်း၏ ဆောင်ပုဒ်မှာ **‘စိတ်ဓာတ်၊ စည်းကမ်း၊ စွမ်းအား’** ဖြစ်သည်။

နေပြည်တော်ကိုယ်စားပြု ယှဉ်ပြိုင်မည့် နေပြည်တော်ဘောလုံးအသင်းအား

နေပြည်တော် ဘောလုံးအသင်း ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း။ (မြန်မာ့အလင်း)

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးထံမှ ဩဝါဒခံယူခြင်းနှင့် အောင်နိုင်ရေးအလံအပ်နှင်းပွဲ အခမ်းအနားကို မတ် ၁၀ရက် နံနက် ၁၀နာရီက နေပြည်တော်ရှိ ရှိုင်ရယ်ကုမုဒြာဟိုတယ်၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ နေပြည်တော်အသင်းမှ အုပ်ချုပ်၊ နည်းပြနှင့် အားကစားသမားများအား နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်နှင့် မိတ်ဆက်ပေးကြသည်။ ထို့နောက် နေပြည်တော်ဘောလုံးအသင်း ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက အသင်းတည်ထောင်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

လက်ခံယူ

ယင်းနောက် နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝေလွင်က ဩဝါဒစကားပြောကြားပြီး အောင်နိုင်ရေးအလံအပ်နှင်းရာ နေပြည်တော် ဘောလုံးအသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက လက်ခံယူသည်။ ဆက်လက်၍ နေပြည်တော် ဘောလုံးအသင်း ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက တိုင်းမှူးအား အသင်းအမှတ်တံဆိပ်ပါ အင်္ကျီများကိုပေးအပ်သည်။

၂၀၁၀ MNL အမှတ်ပေးပြိုင်ပွဲအတွက် နေပြည်တော်ဘောလုံးအသင်း၏ ပြင်ဆင်နေမှုများနှင့်ပတ်သက်၍ နေပြည်တော် အသင်းဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်း (ACE ဆောက်လုပ်ရေး)က “ဒီအသင်းဟာ မူလက ACE အမည်နဲ့ စတင်ဖွဲ့စည်းခဲ့တာဖြစ်ပြီး နေပြည်တော်ကို ကိုယ်စားပြုယှဉ်ပြိုင်ရမှာဖြစ်တဲ့အတွက် နေပြည်တော်အသင်းအမည်နဲ့ ပြောင်းလဲယှဉ်ပြိုင်ခဲ့တာဖြစ်ပါတယ်။ အသင်းတည်ထောင်ရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာ့လက်ရွေးစင် ဘောလုံးသမားတွေ မွေးထုတ်ပေးနိုင်ဖို့ဖြစ်ပါတယ်။ အဲဒီအတွက် လူငယ်မျိုးဆက်သစ် ကစားသမားတွေနဲ့ အသင်းကို ဖွဲ့စည်းထားပါတယ်။ မြန်မာနေရှင်နယ်လိဂ်မှာ ထိုက်သင့်တဲ့ အဆင့်ရအောင် အကောင်းဆုံး ကြိုးစားယှဉ်ပြိုင်သွားမှာပါ။

ရလဒ်လေးတွေရရှိ

ကျွန်တော့်အသင်းက ကစားသမားတွေဟာ စိတ်ဓာတ်နဲ့ စည်းကမ်းပိုင်းမှာတော့ အကောင်းဆုံး အနေအထားမှာရှိပါတယ်။ အတွေ့အကြုံရှိတဲ့သူဆိုလို့ လက်ရွေးစင်ဟောင်းလာကျဲအိုလွယ် တစ်ဦးတည်းပဲပါပြီး လူငယ်တွေများတော့ အတွေ့အကြုံပိုင်းမှာတော့ လိုအပ်ပါတယ်။ ပြည်တွင်းကစားသမားတွေကို လက်တွဲခေါ်နိုင်ဖို့အတွက် ပြည်ပကစားသမား လေးဦးကို ခေါ်ယူထားပါတယ်။ အဖွင့်ပွဲစဉ်ဖြစ်တဲ့ ဆောက်သမ်းမြန်မာနဲ့ပွဲမှာ ရလဒ်ကောင်းတွေရရှိမယ်လို့ ယုံကြည်ပါတယ်။ ပွဲနိုင်တဲ့အပေါ်ကြည့်ပြီးတော့လည်း ဆုကြေးတွေပေးဖို့ အစီအစဉ်ရှိပါတယ်။ လာမယ့် MNL အမှတ်ပေးပြိုင်ပွဲမှာ အဆင့်(၅)အတွင်းဝင်အောင် ကြိုးစားသွားပါမယ်” ဟု ပြောကြားသွားသည်။

ပြိုင်ပွဲအကြိုခြေစမ်းပွဲအဖြစ် ပြည်ထဲရေးအသင်း၊ လယ်/ဆည်အသင်း၊ MEC အသင်းနှင့် ရန်ကုန်တိုင်းအသင်းတို့အား အနိုင်ရရှိထားပြီး MNL အသင်းကြီးများဖြစ်သည့် ကမ္ဘောဇနှင့် ရန်ကုန်ယူနိုက်တက်တို့ကို သရေကျခဲ့သည်။ နေပြည်တော်ဘောလုံးအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဦးဖြိုးကိုကိုတင့်ဆန်း (ACE ဆောက်လုပ်ရေး)၊ အုပ်ချုပ်သူအဖြစ် ဦးစန်းလွင်၊ နည်းပြချုပ်အဖြစ် ဦးဇော်ဝင်း၊ လက်ထောက်နည်းပြများအဖြစ် ဦးတင်မင်းထွန်း၊ ဦးနိုင်ဝင်း၊ ဦးကျော်မင်းထူး၊ ဂိုးနည်းပြအဖြစ် ဦးစောနေဒါ၊ ဘဏ္ဍာရေးမှူးအဖြစ် ဦးဇော်ဝင်းသိန်း၊ မန်နေဂျာအဖြစ် ဦးကျော်ဆန်းဝင်း၊ စာရင်းစစ်အဖြစ် ဦးသိန်းဇော်မြင့်၊ လက်ထောက်အုပ်ချုပ်သူအဖြစ် ဦးစန်းဝင်း၊ အားကစားသမားများအဖြစ် ဂိုးသမား-သန်းဇော်ဝင်း၊ အောင်ကျော်ရွှေ၊ ဝေဖြိုးဦး၊ နောက်တန်း-မာတင်၊ ထက်အောင်၊ ကျော်ဇေယျ၊ ဝေဖြိုးထက်၊ သိန်းဇော်မျိုး၊ အောင်မင်းဇော်၊ နေအောင်၊ လတ်ကိုကိုအေး၊ ချစ်သဲမောင်၊ သီဟ၊ အလယ်တန်း-ဂျိုနသန်ရာမို့စ်၊ ကျော်ဆန်းဝင်း၊ ကျော်ဦး၊ အောင်သူရဇော်၊ နေဇော်အောင်၊ ညီညီစိုး၊ ဇော်လင်း၊ ခိုင်ထူး၊ ငြိမ်းချမ်း၊ ရှေ့တန်း-လာကျဲအိုလွယ်၊ ဂျိုးဇက်၊ အရူနာ၊ ဟိန်းဇာထွန်း၊ နိုင်ကျော်သူလတ်၊ သုနောင်၊ အောင်မျိုးမင်းနှင့် ကျော်ကျော်ချစ်တို့ပါဝင်ကြသည်။ **(မြန်မာ့အလင်း)**

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် အသင်း ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းသို့ အောင်နိုင်ရေးအလံအပ်နှင်းစဉ်။ (မြန်မာ့အလင်း)

ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေး ကပ်ထားရန်နှင့် ဆင်ဆာလက်မှတ်အသေး ကပ်ထားသည့် ဗီဒီယိုတိပ်ခွေ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုရန်နှိုးဆော်ခြင်း

ပြည်တွင်း ဗီဒီယိုထုတ်လုပ်ရေးလုပ်ငန်းများမှ ရိုက်ကူးထုတ်လုပ်၍ ပြန်ကြားရေးဝန်ကြီးဌာန ဗီဒီယိုဆင်ဆာအဖွဲ့မှ စစ်ဆေးခွင့်ပြုပြီးသော မြန်မာဗီဒီယိုဇာတ်လမ်း၊ ကာရာအိုကေသီချင်း၊ ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသည့် ခွင့်ပြုအမှတ်စဉ်ပါရှိသော ဗီဒီယိုဆင်ဆာလက်မှတ်အသေးကို တိပ်ခွေတွင် ကပ်ထားရမည်ဖြစ်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၂၅(ခ)တွင် ဖော်ပြထားရှိပြီးဖြစ်ပါသည်။ ဆင်ဆာလက်မှတ်အသေး မပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကို ကူးယူခြင်း၊ ဖြန့်ချိခြင်း၊ ငှားရမ်းခြင်း သို့မဟုတ် ပြသခြင်း ဆောင်ရွက်သဖြင့် ပြစ်မှုထင်ရှားစွာ စီရင်ခြင်းခံရလျှင် ထိုသူကိုထောင်ဒဏ် သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ၁၀၀၀၀၀(ကျပ်တစ်သိန်း)အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်သည့်အပြင် ပြစ်မှုနှင့်တိုက်ရိုက်သက်ဆိုင်သော ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်ကြောင်း၊ ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေပုဒ်မ ၃၂ အရ သတ်မှတ်ထားပြီး ဖြစ်ပါသည်။ မိမိဆောင်ရွက်လျက်ရှိသော ဗီဒီယိုပြသရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေဖြန့်ချိရေးလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေငှားရမ်းခြင်းလုပ်ငန်း၊ ဗီဒီယိုတိပ်ခွေကူးယူခြင်းလုပ်ငန်း၊ ဗီဒီယိုကာရာအိုကေလုပ်ငန်းများတွင် အသုံးပြုလျက်ရှိသော ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများတွင် ဗီဒီယိုဆင်ဆာလက်မှတ်အသေးများ ကပ်ထားရန် သို့မဟုတ် ဗီဒီယိုဆင်ဆာလက်မှတ်အသေးပါရှိသည့် ဗီဒီယိုတိပ်ခွေ၊ ဗီဒီယိုလေဆာဓာတ်ပြားများကိုသာ အသုံးပြုကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးဗဟိုကော်မတီ၊ ဗီဒီယိုဆင်ဆာအဖွဲ့
မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ ပြန်ကြားရေးဝန်ကြီးဌာန

မန်ယူခြေစွမ်းပြပြီး ကွာတားတက်ရောက် နာမည်ကြီး ရီရဲမက်ဒရစ် ပြိုင်ပွဲမှ ထွက်ခဲ့ရ

မြင့်မောင်စိုး - စုစည်းရေးသားသည်

လန်ဒန် မတ် ၁၁

ချန်ပီယံလိဂ် ၁၆သင်းပြိုင်ပွဲများကို မတ် ၁၁ရက် နံနက်ပိုင်းက ယှဉ်ပြိုင် ကစားကြရာ မန်ယူက အေစီမီလန်ကို ဂိုးပြတ်သွင်းပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခဲ့သည်။

အိုးထရက်ဖို့ဒ်၌ ယှဉ်ပြိုင်ကစားခဲ့သည့် မန်ယူနှင့် အေစီမီလန်တို့ပွဲကို ဘောလုံးပရိသတ်အများအပြား စောင့်ကြည့်ခဲ့ကြသည်။ ထူးခြားချက်တစ်ရပ်မှာ အေစီမီလန်အသင်းတွင် မန်ယူကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်း ပါဝင်ခဲ့ခြင်းဖြစ်သည်။ ဒေးဗစ်ဘက်ခမ်းအနေဖြင့် ကစားဖော်ဟောင်းများနှင့် ပြန်လည်ဆုံစည်းခွင့်ရခဲ့သော်လည်း ဝမ်းနည်းစွာဖြင့် နှုတ်ဆက်ပြန်ခဲ့ရသည်။

မန်ယူကစားသမားများသည် ပွဲစသည်နှင့် မန်ယူအိမ်ကွင်း၊ မန်ယူပရိသတ်ရှေ့မှောက်တွင် ခြေစွမ်းပြကစားခဲ့ရာ ပွဲချိန် ၁၃မိနစ်၌ တိုက်စစ်မှူး ရွန်နေက ဂယ်ရီနဗီးလ်၏ ဖြတ်တင်ဘောမှတစ်ဆင့် လှလှပပ ခေါင်းတိုက်ဂိုး သွင်းယူနိုင်ခဲ့သည်။ အေစီမီလန် ကစားသမားများ ချေပဂိုးသွင်းယူနိုင်ရေး အကြိတ်အနယ် ကြိုးစားသော်လည်း မန်ယူနောက်တန်းကို မကျော်နိုင်ခဲ့ပေ။

ဒုတိယပိုင်း

ဒုတိယပိုင်းပြန်စပြီး တစ်မိနစ်အတွင်းမှာပင် တိုက်စစ်မှူးရွန်နေက နာနီ ဖြတ်ထိုးပေးလိုက်သောဘောလုံးကို ပြေးဆွဲယူပြီး မြေလိမ့်ဘော သွင်းယူပေးလိုက်သည်။ မန်ယူတို့ ယင်းဂိုးသွင်းယူနိုင်ခဲ့ပြီးနောက် ကစားကွက် ပိုကောင်းလာသည်။

ပွဲချိန် ၅၉ မိနစ်တွင် မန်ယူကွင်းလယ်ကစားသမား ပတ်ဂျီဆန်က အေစီမီလန်နောက်တန်းကို ထိုးဖောက်ပြီး ညာတောင်ပံမှ ချိုးဖြတ်သွင်းယူခဲ့ရာ ဘောလုံးမှာ ဂိုးတိုင်အတွင်းဘက်ထိပြီး လှလှပပ ဂိုးဝင်သွားခဲ့သည်။ ယင်းဂိုးသွင်းပြီးနောက် ရွန်နေအစား ဘာဘာတော့ဗ် ဝင်ကစားသည်။ ပေါစခိုးလ်အစား ဂစ်ဆင်ဝင်လာသည်။ တိုက်စစ်မှူး ရွန်နေ ထွက်သွားသော်လည်း မန်ယူကစားကွက် ဆက်လက်ကောင်းနေဆဲဖြစ်သည်။ ပွဲပြီးရန် ၂၇မိနစ်အလိုတွင် အေစီမီလန်အသင်း၌ ဒေးဗစ်ဘက်ခမ်း ဝင်ကစားခဲ့သည်။ ဒေးဗစ်ဘက်ခမ်း၏ မြေမကျကန်သွင်းသော ဘောလုံးမှာ မန်ယူဂိုးသမား ဗန်ဒါဆားပုတ်ထုတ်ကာကွယ်လိုက်ရသည်။ ပွဲချိန် ၈၇မိနစ်တွင် ဂယ်ရီနဗီးလ်အစား ဝင်ကစားသည့် ဆေးလ်ဗား၏ ဖြတ်တင်ဘောမှတစ်ဆင့် ဖလက်ချာ ဒိုင်ဗင်ထိုးခေါင်းတိုက်သွင်းယူပေးခဲ့ပြန်သည်။ ပွဲအပြီး မန်ယူက လေးဂိုး-ဂိုးမရှိဖြင့် နိုင်ခဲ့သည်။ မန်ယူတို့ ပထမအကျော့တွင်လည်း သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထား၍ နှစ်ပွဲပေါင်း ခုနစ်ဂိုး-နှစ်ဂိုးဖြင့် ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ် ၁၆သင်းပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်တွင် မန်ယူတိုက်စစ်မှူး ရွန်နေ အေစီမီလန်အသင်းဘက်သို့ ဗွေဆော်ဦးဂိုးကို ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

ရီရဲမက်ဒရစ်ထွက်ရပြီ

ဥရောပထိပ်သီး ရီရဲမက်ဒရစ်အသင်းသည် အိမ်ကွင်း၌ပြင်သစ်ကလပ် လိုင်ယွန်နှင့် ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီ သရေကျသော်လည်း နှစ်ပွဲပေါင်းရလဒ်အရ ပြိုင်ပွဲမှ ထွက်ခဲ့ရသည်။ ရီရဲမက်ဒရစ်တို့ ခြောက်နှစ်တာကာလအတွင်း ယင်းရှုံးထွက်အဆင့်မှ ပထမဆုံးအကြိမ် ထွက်ခဲ့ရခြင်းဖြစ်သည်။

ချန်ပီယံလိဂ် ၁၆သင်းပြိုင်ပွဲ ဒုတိယအကျော့ ပွဲစဉ်တွင် ရီရဲမက်ဒရစ် အသင်းဘက်သို့ လိုင်ယွန်အသင်းမှ ပီဂျန်နစ် ချေပဂိုး သွင်းယူပြီးနောက် လိုင်ယွန်အသင်းသားများ ဤသို့ ပျော်မြူးခဲ့သည်။ (အင်တာနက်ဓာတ်ပုံ)

စီရိုနယ်ဒိုသည် ပွဲစပြီး ခြောက်မိနစ်မှာပင် ရီရဲမက်ဒရစ်အတွက် ဂိုးသွင်းယူပေးခဲ့သည်။ ယင်းဂိုးကြောင့် ပထမပိုင်းတစ်ချိန်လုံး ရီရဲတို့ ထိန်းချုပ်ကစားနိုင်ခဲ့သည်။ ဒုတိယပိုင်းတွင် လိုင်ယွန်တို့ ပြန်လည်တိုက်စစ်ဆင်ကစားခဲ့ရာ ပီဂျန်နစ်က ချေပဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပွဲအပြီး တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲသိမ်းခဲ့သည်။ သို့သော် လိုင်ယွန်က ပထမအကျော့တွင် တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ထားခဲ့သည်။ ထို့ကြောင့် နှစ်ကျော့ပေါင်း လိုင်ယွန်က နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားခဲ့သည်။ ။

(အင်တာနက်)

12-3 (11) .pmd 1 3/12/2010, 2:33 AM

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

ချစ်ဇနီး နှင်းလဲ့ရည်(ခ)နှင်း၏ ၁၂-၃-၂၀၁၀ရက်တွင် ပြည့်မြောက်သော မွေးနေ့မင်္ဂလာ ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သော မိသားစုနှင့်အတူ သက်ရှည်ကျန်းမာပျော်ရွှင်စွာဖြင့် အေးချမ်းသာယာသော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်း တောင်းလိုက်ပါသည်-

ချစ်ခင်ပွန်း - သန့်ဇင်သောင်း(ခ)ကိုသန့်
(Executive Director)
Yangon Transformer & Electrical Co.,Ltd,
Aung Thaung Co.,Ltd.

ချစ်သမီးကြီး - မဖူးမြတ်သန့်ဇင်(ခ)မိုမို

ချစ်သမီးငယ် - မအလင်္ကာသန့်ဇင်(ခ)ဂါဂါ။

မိတ်ဆွေ -

သင် လမ်းပေါ်မှာ သွားနေရင်း
ကာလယန္တရားနဲ့ ဝင်တိုက်မိတယ်
ဆိုပါစို့
ဒါဆိုရင် ဘာတွေဆက်ဖြစ်မှာလဲ
သိချင်ရင်

သရဝဏ်ဗီဒီယိုဖြန့်ချိရေးက
ဖြန့်ချိလိုက်တဲ့
ဟိုဘဝ ဒီဘဝ ဗီဒီယိုဇာတ်ကားကို
ကြည့်လိုက်ပါ။

မြောက်ဥက္ကလာပမြို့နယ်၊(စ)ရပ်ကွက်၊သုဓမ္မာလမ်းမကြီး၊မြေတိုင်းရပ်ကွက်-စ၊ မြေကွက်အမှတ်-၃၆၄၏ မြေအစိတ်အပိုင်းနှင့်ပတ်သက်၍

အများသိစေရန် ကြေညာခြင်း

အထက်ခေါင်းစဉ်ပါ မြေကွက်၏မြောက်ဘက်ခြမ်း အကျယ်အဝန်း (၁၀ပေ× ပေ၅၀)ခန့် မြေနှင့် ယင်းမြေပေါ်ရှိအဆောက်အအုံကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဦးထွန်းမြင့်ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက အထောက်အထား ခိုင်လုံစွာဖြင့် ဤကြေညာသည့်ရက်မှ ၃ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်သူ၏ညွှန်ကြားချက်အရ-

ဒေါ်သဲယုဆွေ LL.B, D.B.L **ဦးဝင်းဌေး LL.B,D.B.L,D.M.L**
ဒေါ်မျိုးပပဆွေ LL.B **တရားရုံးချုပ်ရှေ့နေ**
အထက်တန်းရှေ့နေများ
အမှတ်-၅၆၁၊ ပထမထပ်၊ MAC Tower၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။



နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးကျော်ဇောဦး ၁၁/စတန(နိုင်)၀၀၁၇၂၁နှင့် ဒေါ်ယဉ်မင်းထွန်း ၁၃/လရန(နိုင်)၀၀၃၇၈၂တို့သည် ၉-၃-၂၀၁၀ရက်တွင် ရန်ကုန်တိုင်း တရားရုံး ဦးစီးအရာရှိ ဦးသန်းနွယ်(တ/၁၇၉၉)၏ ရှေ့မှောက်၌ ကွာရှင်းပြတ်စဲပြီးစီး ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စမျှ ကျွန်တော်နှင့် မသက်ဆိုင်တော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်ဇောဦး
၁၁/စတန(နိုင်)၀၀၁၇၂၁။

အများသိစေရန် ကြေညာခြင်း

အင်းစိန်မြို့နယ်၊ ဘူတာရုံလမ်း၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ အမှတ် ၁၀(A)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးငြိမ်းမောင်မောင်ထွန်းက ဦးဝင်းမြင့်၊ ဒေါ်ကြည်ကြည်စိန်တို့ တရားဝင်လက်ရောက်ရရှိပိုင်ဆိုင်ထားသော ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်လုံးပြန်ရပ်ကွက်၊ အထက်ပုဇွန်တောင်လမ်း၊ အမှတ်၁၇၀၊ ငါးလွှာ ခေါင်းရင်းခန်းကို ဝယ်ယူရန် ဦးဝင်းမြင့်၊ ဒေါ်ကြည်ကြည်စိန်တို့အား စရန်ငွေ ပေးချေထားပြီးဖြစ်ရာ အဆိုပါအခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန် တစ်စုံတစ်ရာ ရှိပါက ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း အထောက်အထားမူရင်းအစုံအလင်ဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာကန့်ကွက်မှု မရှိပါက ဥပဒေနှင့်အညီ စာချုပ်ပြီးဆုံးရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝေလင်းဌေး(LL.B)
အထက်တန်းရှေ့နေ
အမှတ်-၅၆၁၊ အခန်း-၁၀၁/၂၊ ပထမထပ်၊
MAC Tower၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မြေကွက်အမှတ် ၂၈(ဘီ) ၆၆A/၁၆၈ ဟု ခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဇေယျာသုခလမ်း၊ မုန့်/တောင်ရပ်ကွက်၊ အမှတ် ၃၆ဟု ခေါ်တွင်သော နေအိမ်အဆောက်အအုံအပါအဝင် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့အား တရားဝင် ပိုင်ဆိုင်ရောင်းချပိုင်ခွင့် ရှိကြောင်း ပြောဆိုလာကြသော ဒေါ်ခင်စန်းတင့် SBO-၁၂၂၂၉၈နှင့် ဒေါ်အောင်စန်းဝေ SBO-၁၂၂၃၀၀တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်တင်ပြ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာ အပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ -**
ဦးစိန်ဝင်း(စဉ်-၆၀၀၈၂) B.A, H.G.P, C.B.L, D.B.L, D.M.L ဥပဒေအကျိုးဆောင်၊
အမှတ်-၁၀/၁၂၊ ပထမထပ်(အေ-၅)၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၉၉-၂၅၇၃၆၊ ၀၉-၅၀-၇၀၆၇၇။



ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

မင်္ဂလာဒုံမြို့နယ်၊ သစ်ဆိမ့်ကုန်း ရပ်ကွက်၊ ကွင်းအမှတ် ၅၃၂စီ၊ ဦးပိုင်အမှတ်(၁)၏ တစ်စိတ်တစ်ဒေသ၊ ဧရိယာ ၀ဒသမ ၄၈၂ဧက၊ ကွင်းအမှတ် (၅၃၅ ဘီ)၊ ဦးပိုင်အမှတ် ၁၆၆ ၏ တစ်စိတ်တစ်ဒေသနှင့် Plot No.734၊ (OA)မြေ၊ ဧရိယာ ၀ဒသမ ၇၉၄ဧက စုစုပေါင်းဧရိယာ ၁ဒသမ ၂၇၆ဧကရှိ အစိုးရမြေအား ဦးသူရသွင် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၂/ပဇတ(နိုင်)၀၂၇၄၉၅ က မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက် အတွင်း အထောက်အထား မူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေငှားစာချုပ် ထုတ်ပေးရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ကျွန်မပိုင်ဆိုင်သော ယာဉ်အမှတ် ၈စ/၇၈၀၉ TOYOTA TOWN ACE နှင့်ပတ်သက်သော ယာဉ်စာအုပ်၊ စာရွက်စာတမ်းများအားလုံးနှင့် ပူးတွဲပါ အိတ်အနက်တစ်လုံး အောင်မင်္ဂလာ အဝေးပြေးဝင်းအတွင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
မခင်စုဝေလွှင် ၁၄/ဟသတ(နိုင်)၂၄၆၅၃၀
ဖုန်း-၀၉-၅၀-၄၄၉၆၃၊ ၀၉-၅၄-၁၁၀၃၄၊ ၅၇၂၀၆၃။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအေးသန်း(ခ)ဦးမြင့်ဆွေ ၁၂/မဂတ(နိုင်)၀၁၉၃၉၆ ၏ နိုင်ငံကူးလက်မှတ် အမှတ် ၂၁၅၀၉၃ သည် ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပေးပို့ပါရန်။
ဖုန်း-၀၉-၅၀-၆၈၂၇၈။

ပျောက်ဆုံးကြောင်း

မော်တော်ယာဉ်အမှတ် ၈ဃ/၄၃၂၃ ၏ အခွန်အစိမ်းစာရွက် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက မသန်းသန်းဆင့် အား အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၀-၇၄၄၈၄။**

မီးကိုသတိ မြဲထားရှိ စောင့်ကြည့်နေပါ သင့်ဝန်တာ

မြေကွက်ငှားရန်ရှိသည်

နေပြည်တော် ရာဇဌာနီလမ်းမကြီးပေါ်ရှိ (ပေ ၆၀× ပေ ၈၀) မြေကွက်။ ဆိုင်ဖွင့်ရန်ကောင်း။ ပါဝါမီတာ၊ ရေ၊ မီး၊ ဖုန်းပါ။
ဆက်သွယ်ရန် ဖုန်း-၀၉-၅၂-၀၀၂၁၄
(ပွဲစားမလိုပါ)။

နေရာကောင်းရောင်းမည်

၁။ တောင်ဒဂုံ၊ တောင်/မြောက်လမ်းဆုံအနီး မြေ(၇၅ပေ×ပေ၆၀)၊ အိမ်၊ မီတာနှစ်လုံး၊ အဝီစိတွင်းပါ။
၂။ တောင်ဒဂုံ၊ (၁၈)ရပ်ကွက်၊ ပုလဲကျွန်းလမ်းမပေါ်၊ မြေ (၄၅ပေ× ပေ၈၀)။ **ဖုန်း-၅၇၀၀၉၉၊ ၇၃၀၀၉၇၉၉၊ ၀၉-၅၄၁၀၇၉၉။**

ပီဋကတ်တိုက်တော်ဖွင့်ပွဲ စာပေဟောပြောမည်

ရန်ကုန် မတ် ၁၁

မန္တလေးတိုင်း ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မဟာဝိသုတာရုံတိုက်သစ်တွင် အမေရိကန်နိုင်ငံနေ ကိုလတ် အကျိုးတော်ဆောင် မတည်၍ ကုသိုလ်ရှင်များ ဆောက်လုပ်လှူဒါန်းသောပိဋကတ်တိုက်တော် ဖွင့်ပွဲနှင့် ပြည်ပနိုင်ငံများတွင် ဘွဲ့ရရှိသည့် ဆရာတော်နှစ်ပါးအား ဂုဏ်ပြုပွဲကို အဆိုပါကျောင်းတိုက်၌ မတ် ၁၆ရက်မှ ၂၀ရက်အထိ ကျင်းပမည်ဖြစ်သည်။ မတ်၁၈ရက်ညတွင် ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)မှ အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ) (တက္ကသိုလ်ခိုင်ထွန်း-ဖျာပုံ)၊ ဥက္ကဋ္ဌ ဦးဘိုကြည်(ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)၊ အဖွဲ့တည်ထောင်သူ နာယကဦးစိုးဝင်း (သတင်းထောက် စဥ့်ကူစိုးဝင်း)တို့က စာပေရေးရာများ ဟောပြောကာ အဆိုတော် စိုးစန္ဒာထွန်းက မတ် ၂၀ရက်တွင် ဓမ္မတေးများဖြင့် ပူဇော်ကာ မန္တလေး ဝေယံဦးဇာတ်အဖွဲ့က မတ် ၁၉ရက်နှင့် ၂၀ရက် ညများတွင် ကပြ ဖျော်ဖြေမည်ဟု သိရသည်။

(၁၁၃)

ကျောင်းကုန်း၌ စာကြည့်တိုက်များဖွင့်လှစ်

ကျောင်းကုန်း မတ် ၁၁

ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်၌ နိုင်ငံတော် မတည်ငွေနှင့် ကျေးရွာ ပူးပေါင်းတည်ဆောက်သည့် ကညင်သုံးဆင့်ကျေးရွာ မြန်မာ့အလင်းစာကြည့်တိုက်နှင့် ကံကလေးကျေးရွာ အရဏ်ဦးစာကြည့်တိုက် ဖွင့်ပွဲကို မတ် ၃ရက် ညနေ ၃နာရီက ကျင်းပရာ အခမ်းအနားတွင် ခရိုင် ဥက္ကဋ္ဌ ဦးသန်းမြင့် **(ယာပုံ)**က အဖွင့်အမှာ စကားပြောကြားပြီး တိုင်းပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးငွေထွန်းက အနာဂတ် ဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသည့် စာကြည့်တိုက်များ ပေါ်ထွန်းလာရေးဆိုင်ရာများ ရှင်းလင်းပြောကြားပြီး အထိမ်းအမှတ် အလံများ ပေးအပ်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးကျော်ကျော်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်လှမိုမိုတို့က လက်ခံယူသည်။ ဆက်လက်ပြီး ဂုဏ်ပြုလွှာများကို ကျေးရွာ အလှူရှင်များအား အသီးသီးပေးအပ်သည်။

ထို့နောက် ကံကလေးကျေးရွာ အရဏ်ဦးစာကြည့်တိုက်ဖွင့်ပွဲကို ညနေ ၃နာရီတွင် ကျေးရွာစာကြည့်တိုက်၌ ဆက်လက်ကျင်းပသည်။

(မြို့နယ် ပြန်/ဆက်)

စီးပွားရေးတက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၁

ရန်ကုန်စီးပွားရေးတက္ကသိုလ် ၁၉၆၄-၁၉၆၇ ပညာသင်နှစ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ရန်ကုန်မြို့ ပြည်လမ်း ကုန်းမြင့်သာစားတော်ဆက်၌ မတ် ၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် အလှူငွေများကို ကိုစိန်အေး-မယဉ်ယဉ်နု ဖုန်း-၀၁-၅၀-၂၃၃၁၊ ၀၁-၅၀-၃၇၇၈၊ ၀၁-၅၃၈၅၄၆၊ ၀၉-၅၀-၁၂၉၁၁၊ ကိုဝင်းငြိမ်း ဖုန်း-၀၁-၂၉၁၃၂၈၊ ၀၁-၂၅၄၂၅၂၊ ၀၉-၅၁-၁၀၅၉၆၊ ကိုလှအောင်-မသန်းဆွေ ဖုန်း-၀၁-၅၅-၂၄၂၀၊ ၀၉-၅၀-၃၃၇၇၂၊ မနှင်းသန့် (MARY) ဖုန်း-၀၁-၆၆၀၅၇၀၊ ၀၁-၆၆၅၄၅၃၊ မကြည်ညွန့် (IRENE) ဖုန်း-၀၁-၅၃၀၅၈၅၊ ၀၁-၅၃၀၂၃၉၊ မမြတ်သွယ် (PHYL LIS) ဖုန်း-၀၁-၆၆၆၄၅၀၊ မအေးအေး ဖုန်း-၀၁-၅၀၅၆၇၂၊ ကိုသန်းထိုက် ဖုန်း-၀၁-၂၂၀၉၆၁၊ ကိုလှမင်း ဖုန်း-၀၁-၂၉၈၆၇၄၊ ကိုသိန်းစိုး ဖုန်း-၀၁-၆၄၁၉၈၄၊ ကိုသင်းမောင် ဖုန်း-၀၁-၆၅၂၀၆၅၊ ၀၉-၅၁-၀၀၄၆၁၊ အထက်မြန်မာပြည်အတွက် ကိုသောင်းညွန့် (သီဂီရွှေဝါပိုးထည်တိုက်၊ အမရပူရ) ဖုန်း-၀၂-၇၀၀၅၁၊ ၀၂-၇၀၀၆၃နှင့် မခင်သီသီ (မန္တလေး) ဖုန်း-၀၉-၂၀-၅၃၄၀၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌သာခန့်ထားရန်)

၁။ Marketing Manager ကျား/မ (၁)ဦး
အသက်(၂၅)နှစ်အထက်၊ တက္ကသိုလ်မှဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိ၍ ဈေးကွက်ရှာဖွေနိုင်သူ၊ ရုပ်ရည်သန့်ပြန့်သူဖြစ်ရမည်။
Marketing နှင့်ပတ်သက်၍ Diploma(or)Certificate ရရှိပြီး လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ် ရှိရမည်။

၂။ အရောင်းဝန်ထမ်း မ (၃)ဦး
အသက်(၂၀)မှ (၃၀)အတွင်း၊ တက္ကသိုလ်မှဘွဲ့ရရှိပြီး လုပ်ငန်းအတွေ့အကြုံရှိရမည်။

၃။ Driver ကျား(၁)ဦး
အသက်(၄၀)အောက်၊ လုပ်သက် အနည်းဆုံး(၃)နှစ်

လျှောက်ထားလိုသူများသည် အမျိုးသားမှတ်ပုံတင် မိတ္တူ၊ အလုပ်သမား မှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်းဆိုင်ရာ မိတ္တူ၊ လိုင်စင်ဓာတ်ပုံ(၁)ပုံတို့ကို ယူဆောင်၍ ဤကြော်ငြာပါသည့် ရက်မှစ၍ တစ်ပတ်အတွင်း အောက်ပါလိပ်စာအတိုင်း လူကိုယ်တိုင်လာရောက် လျှောက်ထား နိုင်ပါသည်။

မင်းထွန်း ထရေးဒင်းကုမ္ပဏီလီမိတက်
အမှတ်(၁)၊ သရဖီလမ်းနှင့် စကားစိမ်းလမ်းထောင့်၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။

☆ RFA, DVB - သွေးထိုးနေသည်။

☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။

ကမ္ဘာတစ်လွှား ထူးခြားဆန်းပြား

ကောင်းမြတ်သူ - ရှာဖွေတင်ပြသည်

ဘော်စတွန် မတ် ၁၁

တစ်ချိန်က သိပ္ပံပညာရှင်တို့ စိတ်ကူးယဉ်ခဲ့သော မော်တော်ကားပျံကို အမေရိကန်နိုင်ငံ ဘော်စတွန်မြို့ရှိ နည်းပညာကုမ္ပဏီတစ်ခုက တီထွင်ထုတ်လုပ်လိုက်ပြီဖြစ်သည်။

စတင်စမ်းသပ်

ယင်းမော်တော်ကားပျံကို တာရာဖူဂျီးယား ကုမ္ပဏီက တီထွင်ထုတ်လုပ်ထားခြင်း ဖြစ်သည်။ အဆိုပါ မော်တော်ကားပျံကို ပြီးခဲ့သည့်နှစ် အောက်တိုဘာလက စတင်စမ်းသပ် ပျံသန်းခဲ့ပြီး ဖြစ်သည်။ အောင်မြင်စွာ ပျံသန်းမောင်းနှင်နိုင်သောကားဖြစ်ခဲ့၍ ဈေးကွက်သို့ တင်ပို့ရောင်းချရန် စီစဉ်လျက်ရှိသည်။ ယင်းကားပျံ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၀၀၀၀ ဖြစ်သည်။ ။ (အင်တာနက်)

ပြည်တွင်းပြည်ပမှ ခရီးသည်များ ဥဒဟိုဝင်ထွက်ရာ ဟဲဟိုးလေဆိပ်

ဟဲဟိုးလေဆိပ်မှတစ်ဆင့် ပြည်တွင်းခရီးစဉ် ဆက်လက်ပျံသန်းမည့် လေယာဉ်ပေါ်သို့ ခရီးသည်များ တက်ရောက်ကြစဉ်။
ဓာတ်ပုံမှတ်တမ်း - လေးနွယ် (မင်္ဂလာဒုံ)

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ ▼ ဓာတ်ပုံမှတ်တမ်း - လေးနွယ် (မင်္ဂလာဒုံ)

စာမျက်နှာဖွဲ့စည်းမှု - မိုးမိုးအောင်(မြန်မာ့အလင်း)

နေပြည်တော် မတ် ၁၁

ဟဲဟိုးမြို့အဝင်သို့ မော်တော်ယာဉ်ဖြတ်သန်းစဉ် ဖုန်းဝင်လာသည်။ အတူလိုက်ပါ ပို့ဆောင်ပေးသူက ဖုန်းနားထောင်ပြီး လေယာဉ်ဆိုက်ရောက်တော့မည်ဟု ပြောကြားသည်။ ယာဉ်မောင်းအား မြန်မြန်မောင်းရန် ပြောကြားရသည်။ ဟဲဟိုးမြို့အနောက်ဘက် နှစ်မိုင်ခန့်အကွာသို့အရောက် ညာဘက်ချိုးကွေ့လိုက်သည်နှင့် ဟဲဟိုးလေဆိပ်ဟူသော မုခ်ဦးကို တွေ့လိုက်ရသည်။ *စာမျက်နှာ ၆ ကော်လံ ၁* ❐

ညအိပ်ရာဝင်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ခြင်ဆေးခွေ၊ ဖယောင်းတိုင်၊ ဘုရားမီး၊ အမွှေးတိုင်မီးများနှင့် မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပြီးမှ အိပ်ရာဝင်ရန်။

(ခ) မီးသုံးစွဲရင်း အိပ်စက်ခြင်းလုံးဝမပြုလုပ်ပါနှင့်။

(ဂ) မိမိအိမ်နှင့် အိပ်ခန်းများတွင် လေဝင်၊ လေထွက်ကောင်းမွန်စေရေး စီမံထားရှိရန်။